ယနေ့ မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၇၉)၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ၄-၆-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများ ယာယီဘာရှာအဆောက်အအုံများသို့ အပြီးသတ်ပြောင်းရွှေ့နေရာချထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာအဆောက်အအုံများသို့ အပြီးသတ်ပြောင်းရွှေ့နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။



### ဖွင့်လှစ်ပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေသန့်စက်နှင့် အရာထမ်းများနေထိုင်မည့် ပတ္တမြားအိမ်ရာယာယီဘာရှာအဆောက်အအုံသစ်တို့ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီဘာရှာအဆောက်အအုံများ၌ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် ယာယီအဆောက်အအုံများအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်သွားကြရန်၊ ရေ၊ မီး၊ မိလ္လာများကို စနစ်တကျ သုံးစွဲကြရန်နှင့် ယာယီအဆောက်အအုံ ဧရိယာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်တို့ကိုမှာကြားကာ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယာယီအဆောက်အအုံများ အတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ပေးနိုင်ရေးအတွက် အမှိုက်ကန်များဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံပတ်လမ်းများကို အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### စားသုံးဆီများပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ဘုရားဆင်းတုတော်နှင့် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌက လှူဒါန်းသည့်စားသုံးဆီပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် အရာထမ်း၊ အမှုထမ်းများထံ ဘုရားဆင်းတုတော်နှင့် စားသုံးဆီများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ ဖတ်စရာအညွှန်း

လူကောင်း၊ သူကောင်းဖြစ်စေရေးနှင့် ပေါင်းသင်းဆက်ဆံရေး (ဆောင်းပါး)
စာမျက်နှာ ၆

— — — — — —

အူတွင်းပိုးမွှားများကို ပြန်လည်ထိန်းသိမ်းရန်နှင့် ကာကွယ်ရန် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာက ပိုမိုထိရောက်
စာမျက်နှာ ၇

— — — — — —

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ
ပရီးမီးယားလိဂ် အကောင်းဆုံးသွင်းဂိုးဆုကို အိုမာမာမွတ်ရှ် ဆွတ်ခူး
စာမျက်နှာ ၁၆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၃

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဇွန် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# စာကြည့်တိုက်မှာ ပညာရှာ

လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၄င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံးသူတစ်လုံး ရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရန် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။ ဗလငါးတန်ဟုဆိုရာတွင် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူ၍ အစဉ်အလာသိမှတ်ခဲ့ကြသည့် ဗလငါးတန်သာမက မျက်မှောက်ခေတ် ၂၁ ရာစု ဗလငါးတန်ဟု ဆိုရမည့် IQ : Intelligence Quotient ခေါ် ဉာဏ်ရည်ဉာဏ်သွေး၊ EQ:Emotional Quotient ခေါ် စိတ်နှလုံးခံစားမှု အရည်အသွေး၊ CQ:Culture Quotient ခေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများကို နားလည်လက်ခံနိုင်သည့် အရည်အသွေး၊ SQ : Spiritual Quotient ခေါ် ဘဝရှင်သန်နေထိုင်ခြင်း၏ရည်ရွယ်ချက်ကို သိရှိလိုက်နာနိုင်သည့် အရည်အသွေး၊ PQ : Physical Quotient ခေါ် ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အရည်အသွေးတို့ကို ဖြည့်ဆည်းနိုင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ စာဖတ်ခြင်းပင်ဖြစ်သည်။

လူငယ်တိုင်းစာဖတ်ဝါသနာပါဖို့အတွက် ပြုစုပျိုးထောင်သင့်သည်။ စာဖတ်ခြင်းဖြင့် အတွေးအမြင်များ ကျယ်ပြန့်လာမည်ဖြစ်သည်။ ဗဟုသုတများလည်း တိုးပွားလာမည်ဖြစ်သည်။ လူငယ်ဟူသည် အတွေ့အကြုံ၊ ဆင်ခြင်တုံတရား၊ ငယ်နုသေးသောကြောင့် ပြည့်ဝရင့်ကျက်လာအောင် စာဖတ်ခြင်းအလေ့အထကို ပျိုးထောင်ပေးရမည်ဖြစ်သည်။

ပညာဗဟုသုတနှင့် စေတနာကောင်းများကို နှိုးဆော်ပေးတတ်သော စာဖတ်ခြင်းသည် စိတ်၏အာဟာရကို ပြည့်ဝစေသည်။ ဉာဏ်အမြော်အမြင်လည်း ကြီးမားစေသည်။ ရှေးလူကြီးတို့၏ အယူအဆအကောင်းအဆိုးနှင့် အတွေ့အကြုံကောင်းများကို မှတ်သားသိရှိနိုင်သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် စာပေဖတ်ရှုရန် ကျောင်းတွင်း၌ ကျောင်းစာကြည့်တိုက်များရှိသည်။ ကျောင်းနှင့်စာကြည့်တိုက်သည် ခွဲခြားမရပါ။ စာကြည့်တိုက်သည် ကျောင်း၏ အင်္ဂါအစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။ ကျောင်းများတွင် စာကြည့်တိုက်ထားပေးခြင်းမှာ ကျောင်းသားများ စာဖတ်ခြင်း အလေ့အထကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။ ပညာသင်ယူနေသောကျောင်းသားများအတွက် စာကြည့်တိုက်သည် တကယ့်အခွင့်အခွင်ပွန်းကောင်းဖြစ်သည်။

စာကြည့်တိုက်တွင် လူမှုရေး၊စီးပွားရေး၊ သမိုင်းရေးစသော အရေးအရာစုံ အသိပညာများ၊ ဗဟုသုတများ စုစည်းလျက်ရှိသည်။ စာကြည့်တိုက်တွင် အတိတ်မှသည် ပစ္စုပ္ပန်အထိသာမက အနာဂတ်အထိပင် ပညာရပ်များရှိနေသည်။ အထွေထွေအခေါ်ပညာရပ်များ၊ အတတ်ပညာ၊ နည်းပညာရပ်များကို စာကြည့်တိုက်တွင် ဖတ်ရှုနိုင်သည်။ ပညာရရှိရန်အတွက် စာအုပ်စာပေများကို အစဉ်တစိုက်လေ့လာရမည်။ ထိုသို့လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်သည် လူငယ်များအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာစသည့် ကိုယ်ရည်ကိုယ်သွေးများ တောက်ပစေရေးအတွက် မရှိမဖြစ် လိုအပ်သောနေရာတစ်ခုဖြစ်သောကြောင့် စာကြည့်တိုက်မှာ ပညာရှာဖွေသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၉ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက် )

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာ သန်းစိုးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်ပါသည်။ **မိုး/ဇလ**

## လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ




**မန္တလေး ဇွန် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇွန်လ ၂ ရက်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေနှင့် ခရိုင်၊ မြို့နယ်အတွင်းရှိ ဝန်ထမ်းများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် စားအုန်းဆီဖြန့်ဖြူးရောင်းချရာတွင် အိမ်ထောင်စုအလိုက် ဖြန့်ဖြူးရောင်းချနိုင်ရေးကိစ္စများ၊ တိုင်းဒေသကြီးအတွင်း ထွက်ရှိသည့် ဆီထွက်သီးနှံများအား ဆီစက်အရေအတွက်အလိုက် အမှန်ကြိတ်ခွဲနိုင်မှု အခြေအနေများ၊ ဌာနရှိ ဝန်ထမ်းများ Talk Show များ ကျင်းပရာတွင် မြန်မာနိုင်ငံ ဆန်စပါးအွန်လိုင်း (Myanmar Rice Online – My RO)တွင် မှတ်ပုံတင်ခြင်း လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ထည့်သွင်းဆွေးနွေးပေးရန်နှင့် ပြည်ပသို့ တင်ပို့ရန် အလားအလာရှိသော ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများအား ဖော်ထုတ်ဆောင်ရွက်သွားကြရန် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် မေလကုန်အထိ စားသုံးသူရေးရာဦးစီးဌာန၏ www.doca.gov.mm တွင် သတင်းရေးသားခြင်းနှင့် website တွင် ဖော်ပြခဲ့သည့် သတင်းပါဝင်မှုများနှင့်ပတ်သက်၍ ဆုပေးပွဲ ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက မန္တလေးတိုင်းဒေသကြီးအတွင်း သတင်းပါဝင်မှုအများဆုံးရရှိသည့် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ပထမဆု၊ မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဆုနှင့် တတိယဆုတို့ကိုလည်းကောင်း၊ သတင်းရေးသားမှု ခရိုင်အလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြရာတွင် ပထမဆုရရှိသော မြင်းခြံခရိုင် ဦးစီးမှူးရုံး၊ ဒုတိယဆု ရရှိသော ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးနှင့် တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတို့မှလည်းကောင်း အသီးသီးဆုများ လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၅၆)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် သင်တန်းနှစ်အသီးသီး၏ နွေသင်တန်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားလျက်ရှိ



**မန္တလေး ဇွန် ၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ဝိဇ္ဇာဘွဲ့ကြိုသင်တန်းနှစ်အသီးသီး၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာပထမနှစ် သင်တန်း၊ မဟာဒုတိယနှစ်သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာ အချိန်ပြည့်၊ အချိန်ပိုင်းသင်တန်းများ၏(ဒုတိယပညာသင်ကာလ)၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဝိဇ္ဇာဘွဲ့ကြိုစတုတ္ထနှစ်သင်တန်း(ပထမပညာသင်ကာလ) နှင့် ပါရဂူဘွဲ့ကြိုသင်တန်းတို့၏ နွေသင်တန်းများကို ဇွန် ၂ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် တက်ရောက်သင်ကြားနေကြသည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာတက္ကသိုလ်နှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အချိန်ပြည့်ဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိသည့်အပြင် ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ကိုရီးယား၊ ဂျာမန်၊ ရုရှား၊ ထိုင်းဘာသာရပ်များ၊ စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကားများ (English for Business Purposes- EBP)အပြင် နိုင်ငံတကာကျောင်းသားများအတွက် မြန်မာဘာသာရပ်ကိုလည်း သင်ကြားပေးနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း – ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ၊ ဖုန်း –၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝန်ထမ်းများထားရှိမည့် ယာယီအဆောက်အအုံများ တည်ဆောက်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၇) ရှိ ယာဉ်ရပ်နားဝင်းအတွင်း၌ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေရာချထားပေးနိုင်ရေးအတွက် ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ရေ၊ မီး၊ မိလ္လာလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယာယီအဆောက်အအုံများ အမြန်ဆုံးပြီးစီးမှသာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်လျက်ရှိသည့် ရွက်ဖျင်တဲများမှ ပြောင်းရွှေ့ နေရာချထားပေးနိုင်မည်ဖြစ်၍ တည်ဆောက်ရေးနှင့် ပတ်သက်သည့်အပြီးသတ်လုပ်ငန်းများ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ရေ၊ မီး၊ မိလ္လာတို့ကို အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ယာယီ အဆောက်အအုံများတွင် နေထိုင်မည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ရေးဆွဲ ထုတ်ပြန်သွားရန်၊ ယာယီအဆောက်အအုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ယာယီအဆောက်အအုံများတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးပါက ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးဝင်းနှင့် ရုံးခန်းများအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ရန်နှင့် ငလျင်ကြောင့် ပျက်စီးခဲ့မှု ဖြစ်ပေါ်ခဲ့သည့် ပစ္စည်းများ အနက် ဆယ်တင်ရရှိခဲ့သည့်ပစ္စည်းများကို အကျိုးရှိ ထိရောက်စွာ ပြန်လည်အသုံးပြုသွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ယာယီစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ပြည်ပအလှူရှင်များက AHA Centre မှတစ်ဆင့် လှူဒါန်းသော ယာယီစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

အဆိုပါယာယီစာသင်ဆောင်သည် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ အသင့်တပ်ဆင်သုံးစွဲနိုင်သည့် ကွန်တိန်နာအဆောက်အအုံဖြစ်ပြီး တည်ဆောက်ချိန် ၁၀ ရက်ခန့်ဖြင့် ဆောက်လုပ်နိုင်ကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးဆောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ငါးဆောင်စီဖြင့် စုစုပေါင်း ယာယီစာသင်ဆောင် အဆောင် ၂၀ ကို အမေရိကန်ဒေါ်လာ ခြောက်သိန်းခန့်ဖြင့် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရောဝတီတံတား(ရတနာပုံ)နှင့် စစ်ကိုင်းမြို့ထွက် ကံတလူဂိတ်တို့ရှိ လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံ



မုံရွာ ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ အသင်္ချာရိပ်သာ ဧည့်ခန်းမ၌ စစ်ကိုင်းမြို့ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရောဝတီတံတား (ရတနာပုံ) နှင့် စစ်ကိုင်းမြို့ထွက် ကံတလူဂိတ်တို့ရှိ လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးတို့အတွက် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရောဝတီတံတား (ရတနာပုံ) နှင့် စစ်ကိုင်းမြို့အထွက် ကံတလူဂိတ်တို့ရှိ စုပေါင်းလုံခြုံရေးအဖွဲ့များမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

နေပြည်တော် ဇွန် ၃

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ဆရာတော်ကြီးများအား လျှောက်ထားခြင်းနှင့် ဆုံးမဩဝါဒခံယူခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးသက်ပုံ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပုံနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူတစ်ဦးတို့က ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင် ပြည်သူများက စုပေါင်းဖယ်ရှားရှင်းလင်းပြီးစီးမှုများနှင့် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်တည်ဆောက်မည့် လုပ်ငန်းအစီအမံများကို ဆရာတော်ကြီးများထံ ရှင်းလင်းလျှောက်ထားတင်ပြကြပြီး ဩဝါဒခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန်ကျည်းစင်ရပ်ကွက်ရှိ ဘုရားကြီးကျောင်းတိုက်၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီနှင့် သောတပန်ရပ်ကွက်ရှိ စာသင်တိုက်များ၌ အပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မန္တလေးတက္ကသိုလ် အကယ်ဒမီဆောင်သို့သွားရောက်၍ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာနနှင့် ဘူမိဗေဒဌာနတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေသန့်ထုတ်ဝေပေးနေမှုများ၊ နန်းဦးမြို့သစ်ရှိ ဝန်ထမ်းအိမ်ရာများတွင် မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရန် Modular House ဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ နေအိမ်အဆောက်အအုံများနှင့် တကောင်းရပ်ကွက် ဇေရာဝတီမြစ်ကူးတံတား (စစ်ကိုင်း)အောက် မြေနိမ့်ပိုင်းရှိ ရေဝပ်သောနေရာများအား စက်ယန္တရားများဖြင့် မြေဖို့ခြင်းဆောင်ရွက်နေမှုနှင့် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အားကစားကွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းမှ ငလျင်ဒဏ်သင့်ပြည်သူများ၏ စားသောက်နေထိုင်ရေးအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ပင်မဆောင်အပေါ်ထပ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းနှင့် လုပ်ငန်းတိုးတက်မှုများ၊ ပြန်လည်အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများကို ရွှေ့ပြောင်းထားရှိမှုများနှင့် ဌာနအသီးသီးရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးနေရာများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းရင်းဆေးရုံကြီးနှင့် ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကုသဆောင်များမှ အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ အောင်ချမ်းသာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ကျောက်ဆည်တက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အပျက်အစီးများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ ငလျင်ဒဏ်ကြောင့် စာမေးပွဲဖြေဆိုရန် ရပ်တန့်ခဲ့ရသော ကျောင်းသား ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနေမှုများနှင့် ယာယီစာသင်ဆောင်များဆောက်လုပ်နေမှုများ၊ တရုတ်စုရပ်ကွက် မျက်စိအထူးကုဆေးရုံရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများနှင့် ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရန်အောင်မြင်ရပ်ကွက်ရှိ ရွှေကျောင်းကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင်ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှု၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

အဆိုပါ ဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှာ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော် (ဆီးဂိမ်းစ်)ပြိုင်ပွဲဝင် မြန်မာယူ-၂၂ အသင်း၊ အမျိုးသမီးလက်ရွေးစင်အသင်း၊ အမျိုးသားနှင့် အမျိုးသမီး ဖူဆယ်လက်ရွေးစင်အသင်းများ အောင်မြင်ရေး ကြိုတင်ပြင်ဆင်မှုများ၊ မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး၊ လူငယ် သက်တမ်းအလိုက် အသင်းများနှင့် ဖူဆယ်အသင်းများအားလုံး အာရှ၊ အာဆီယံပြိုင်ပွဲများအတွက် ရည်မှန်းချက်များနှင့် ပြင်ဆင်မှုများအား သုံးသပ်ဆွေးနွေးခဲ့ကြသည်။ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး) ရှင်းလင်းခြင်း၊ တည်ဆောက်ခြင်းနှင့် ၂၀၂၅ ပညာသင်နှစ် ယာယီအဆောက်အအုံဖြင့် စီစဉ်နေမှု၊ ကစားကွင်းသစ်များနှင့် လေ့ကျင့်ရေးစင်တာများ အတူတကွ ဖော်ထုတ်ခြင်း၊ FIFA Football For Schools အစီအစဉ် အကောင်အထည်ဖော်ခြင်း၊ ဆီးဂိမ်းစ် အပါအဝင် နိုင်ငံတကာပွဲများအား ရုပ်သံထုတ်လွှင့်ခြင်း၊ နိုင်ငံဒေသ နေရာများအလိုက် ဘောလုံးလေ့ကျင့်ရေး စင်တာများ ဖွင့်လှစ်ရေး၊ ယူ-၁၅ လိဂ်နှင့် လူငယ်ပြိုင်ပွဲများ ပိုမိုအဆင့်မြှင့်တင်ရေး စသဖြင့် ကိုယ်စားလှယ်အသီးသီးက တင်ပြဆွေးနွေးခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

(NGB)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၃၁၀၁၂ ဦး ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ကျောင်းများ စတင်ဖွင့်လှစ်ပြီး ဒုတိယရက်ဖြစ်သော ယနေ့တွင် ကျောင်းသားကျောင်းသူစုစုပေါင်း ၆၀၃၁၀၁၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်းကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက် ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။







ဆရာမ



ကျောင်းသား

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ ကြိုတင်နေရာချထားပေးခြင်း၊ ကျောင်းကြို/ပို့ ယာဉ်များ စီစဉ် ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပမိရပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံအဝန်းရှိ အခြေခံပညာကျောင်းများ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ကျောင်းသင်ခန်းစာများ သင်ကြား/သင်ယူနေမှုတို့ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

**ဆရာမ**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာတော့ ကျွန်မတို့ကျောင်းမှာ ကျောင်းသားဦးရေ ၁၅၂၀ တက်ရောက်နေပါတယ်။ မနှစ်ကကျောင်းသားဦးရေကို ပြည့်မီဖို့တော့ ၁၀၀ကျော် လိုပါသေးတယ်။ ဒီဇွန်လကုန်မှာတော့ ယခင်နှစ်က ကျောင်းသားဦးရေအတိုင်း ပြည့်မီမယ်လို့ ခန့်မှန်းထားရှိပါတယ်။ ဘာသာရပ်ခွဲဝေမှုအနေနဲ့ကတော့ ကျွန်မတို့က တစ်နေ့ကို စာသင်ချိန်ရှစ်ချိန်နဲ့ တစ်ပတ်ကိုစာသင်ချိန် အချိန်ပေါင်း ၄၀ နဲ့ သင်ကြားပို့ချပေးပါတယ်။ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူတွေမှာတော့ တစ်ပတ်တစ်ကြိမ် စာဖတ်ချိန်ဆိုပြီးတော့ ကျောင်းသားလူငယ်တွေရဲ့ အသိပညာမြင့်မားဖို့အတွက် စာကြည့်တိုက်မှာ စာဖတ်ချိန်အဖြစ် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အထက်တန်းအဆင့်မှာတော့ ကျွန်မတို့က ကျောင်းသားလူငယ်တွေဟာ အရင်တုန်းက စနစ်ဟောင်းပညာရေးမှာကျတော့ ကျွန်မတို့က ဆယ်တန်းကို အသက် ၁၆ နှစ်မှာ အောင်မြင်ပါတယ်။ အခု စနစ်သစ်ပညာရေးသည် အသက်၁၈နှစ်မှာ Grade-12 ကို အောင်မြင်မှာဖြစ်တဲ့အတွက် အသက် ၁၈ နှစ်ဖြစ်တဲ့ ဒီကျောင်းသားလူငယ်တွေဟာ ကျောင်းသားတွေရဲ့ အခွင့်အရေး၊ နိုင်ငံသားတိုင်းရဲ့ အခွင့်အရေးဟာ မဲပေးပိုင်ခွင့်ဆန္ဒရှိတဲ့ ကျောင်းသားလူငယ်တွေ အခြေခံပညာရေးကဏ္ဍမှာ ပါဝင်လာပါတယ်။ ဒါကြောင့် ကျွန်မတို့က ကျောင်းသားလူငယ်တွေကို သူတို့ရဲ့ အခွင့်အရေးတွေ၊ နိုင်ငံသားတိုင်းရဲ့ အခွင့်အရေးတွေ၊ ဥပဒေအကြောင်းအရာတွေကိုသိဖို့အတွက် တစ်ပတ်စာသင်ချိန် တစ်ချိန်ကို ဥပဒေရေးရာချိန်အဖြစ် ထည့်သွင်းသင်ကြားပေးလျက် ရှိပါတယ်။ ဥပဒေရေးရာအချိန်မှာတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းတွေကို သင်ကြားပေးပါတယ်။ နောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နိုင်ငံသားတိုင်းလိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေအားလုံးကို သင်ကြားပေးနေပါတယ်ရှင်။

**ကျောင်းသား**

လွန်ခဲ့တဲ့လက ဖြစ်ပွားသွားတဲ့ ငလျင်ဘေးမှာ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေအားလုံး ဘာမှ ထိခိုက်မှုမရှိဘဲ ပျော်ပျော်ရွှင်ရွှင် အတူတူကျောင်းတက်ရတော့ ပျော်ပါတယ်။ လာမယ့် Grade-12 မှာ ခြောက်ဘာသာဂုဏ်ထူးရပြီး အမှတ်မီအောင် ကြိုးစားရမယ်။ ကျွန်တော် Grade-12 ပြီးသွားရင် Aerospace Engineering ဝင်ပြီးတော့ Spacecraft တွေ တည်ဆောက်ဖို့ ရည်မှန်းထားပါတယ်။

သတင်းစဉ်






# လူကောင်း၊ သူကောင်းဖြစ်စေရေးနှင့် ပေါင်းသင်းဆက်ဆံရေး

**လူငယ်တို့အရေး**

အသက်အရွယ် နုနယ်သေးသည့် လူငယ်တို့ဘဝ အသိပညာပြည့်စုံမှု မရှိသေးသည့်အလျောက် မိမိပတ်ဝန်းကျင်ရှိ လူအမျိုးမျိုးနှင့် စတင်ဆက်ဆံရလေ့ရှိရာ လူကောင်း၊ လူတော်တို့နှင့် ဆက်ဆံမိပါက ထိုသူတို့နည်းတူ လူကောင်း၊ လူတော်ဖြစ်လာနိုင်ခြေရှိသည်။ သို့သော် လူမိုက်၊ လူဆိုးတို့နှင့်သာ စတင်တွေ့ဆုံဆက်ဆံရပါက လူမိုက်တို့၏ အပြော၊ အဆို၊ အလုပ်အကိုင်နှင့် ဆွယ်စကားတို့တွင် သာယာမိကာ လူဆိုး၊ လူမိုက်လေး ဖြစ်လာတတ်ပေသည်။

သို့ဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ဗုဒ္ဓဘာသာတရားတို့၏ အဆုံးအမခံ ရဟန်းပညာရှိ၊ လူပညာရှိတို့သည် လူငယ်လေးများ အပါအဝင် လူတို့ လိမ္မာယဉ်ကျေးစေရေး၊ လူကောင်း၊ လူတော်ဖြစ်ရေးကို ဦးစားပေးသွန်သင်ဆုံးမလေ့ရှိသည်။ အထူးသဖြင့် ဗုဒ္ဓဘုရားရှင် ဟောကြားဆုံးမတော်မူသော တရားဒေသနာတို့မှ ထုတ်နုတ်၍ ဆုံးမကြသည့်အခါ လူလိမ္မာလေး၊ လူယဉ်ကျေးလေးအဖြစ် လူ့ဘောင်လောကထဲတွင် ထင်ထင်ပေါ်ပေါ် လျှောက်လှမ်းနိုင်ကြလေ့ရှိသည်။

**ဗုဒ္ဓဘုရားဟောကြားသည့် မင်္ဂလသုတ်လာ အဓိက ဆုံးမစာ**

ဗုဒ္ဓဘုရားဟောကြားတော်မူသော 'မင်္ဂလသုတ်တရားတော်' လာ နတ်ဗြဟ္မာအပါအဝင် လူတို့အား ဟောကြားဆုံးမသည့် မင်္ဂလာတရားတော် ၃၈ ပါး မှာ လူသားတို့အဖို့ အလွန်တန်ဖိုးရှိလှသည့် တရားတော် ဖြစ်ပေသည်။ ထိုတရား ၃၈ ဖြာကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက -

(၁) ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ သုံးပါး
(၂) နေရေးထိုင်ရေးမင်္ဂလာ သုံးပါး
(၃) သင်ကြားရေးမင်္ဂလာ သုံးပါး
(၄) ပြုစုရေးမင်္ဂလာ သုံးပါး
(၅) လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး
(၆) ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး
(၇) စိတ်ထားရေးမင်္ဂလာ ငါးပါး
(၈) သည်းခံရေးမင်္ဂလာ ငါးပါး
(၉) ခြိုးခြံရေးမင်္ဂလာ လေးပါးနှင့်
(၁၀) စိတ်ထားခိုင်ခံ့ရေးမင်္ဂလာ လေးပါး တို့ဖြစ်ကြသည်။

အထက်ဖော်ပြပါ ၃၈ ပါး အနက် စဉ်(၁)မှ (၃၂)အထိ ၃၂ ပါးသည် လောကီမင်္ဂလာများ ဖြစ်ကြောင်း၊ ကျန် ခြောက်ပါးမှာ လောကုတ္တရာမင်္ဂလာများဖြစ်ကြောင်းအပြင် စဉ်(၁)မှ (၃၃)အထိမှာ အကြောင်းတရားမင်္ဂလာများဖြစ်ပြီး ကျန်မင်္ဂလာ ငါးပါးမှာ အကျိုးတရားမင်္ဂလာများဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ထုတ်ဝေသော 'သုတရတနာ အလင်္ကာစာဥယျာဉ်' တပ်မတော်သားတိုင်းအတွက် အိတ်ဆောင်အရွယ် စာအုပ်တွင် ဖော်ပြထားသည်။

ဖော်ပြပါ ၃၈ ဖြာမင်္ဂလာဆုံးမစာတွင် လူငယ်လူရွယ်တို့အတွက် အဓိကဆုံးမစာမှာ 'ပေါင်းသင်းဆက်ဆံရေး မင်္ဂလာတရား သုံးပါး'ပင် ဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ သုံးပါး

(၁) အသေဝနာစ ဗာလာနံ = လူဆိုးလူမိုက်ကို မမှီဝဲ၊ မပေါင်းသင်းရခြင်း။
(၂) ပဏ္ဍိတာနဉ္စ သေဝနာ = လူလိမ္မာကို မှီဝဲပေါင်းသင်းရခြင်း။
(၃) ပူဇာစ ပူဇနေယျာနံ = ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်း။

ဟူ၍ ဖော်ပြထားသည်ကို ခေတ်လူငယ်၊ လူရွယ်တို့သတိတရားထားကာ ကျင့်သုံးအပ်သည့် ဆုံးမစကား သုံးခွန်းပင် ဖြစ်သည်။

ဘုရားဟော မူလပါဠိတော်ကို တင်ပြရပါသော် မင်္ဂလသုတ်ပါဠိတော်စာပိုဒ်(၆)တွင် 'အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလ မုတ္တမံ' ဟူ၍ ဟံသာဝတီ တိုက်ထုတ် 'ဗုဒ္ဓဘာသာအခြေခံလက်စွဲ (ဆယ်စောင်တွဲ) စာအုပ်တွင် ဖော်ပြထားသည်။ ထိုစာအုပ်မှာပင် ကလေး၊ လူငယ်၊ လူရွယ်တို့ ၃၈ ဖြာမင်္ဂလာ တရားတော်ကို စိတ်ပါလက်ပါ ရွတ်ဖတ်ရင်း၊ မင်္ဂလာတရားတော်တို့ကို မမေ့စေရေးအတွက် ဆရာကြီး ဒဂုံ ဦးထွန်းမြင့်က (၃၈)ဖြာမင်္ဂလာ၏ ပထမဦးဆုံးအပိုင်း မင်္ဂလာသုံးဖြာကို ဤသို့ ကဗျာရေးဖွဲ့ရွတ်ဆိုစေခဲ့သည်

၁။ အသေဝနာ စ

- 'လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ။
- ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ။
- သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ။
- ချမ်းသာကိုပေး၊ ဆက်ဆံရေး မြော်တွေးသုံးချက်ပေ။

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ' ဟူ၍ ကျက်မှတ်သီဆို၍ ရလွယ်ကာ လူငယ်တို့အရွယ် မှတ်မိစေနိုင်သည့် အဓိပ္ပာယ်ပေါ် ရေးစပ်ဆိုပေးသွားသဖြင့် မိဘများအနေဖြင့် အလွန်ကျေးဇူးတင်ကြရပေသည်။

ယနေ့ကလေး၊ လူငယ်၊ လူရွယ်တို့၏ မိဘအရွယ်၊ အဘိုးအဘွား၊ အရွယ်ရှိနေပြီဖြစ်သော ကျွန်ုပ်တို့သည် မိမိတို့ ချန်ရစ်ရမည့် သားသမီး၊ မြေးမြစ်တို့ နောင်ရေး စိတ်အေးရလေအောင် မဆုံးမမဖြစ် ဆုံးမကြရပေမည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးတို့၏ လူမှုလေ့တွင် ဗုဒ္ဓဘုရား၏ တရားတော်များကို လောကီတွင် သာမန်လူသားတို့ အသိလွယ်စေရေး ဖွင့်ဆို ဟောကြားသည့် ရဟန်းပညာရှိ လူပညာရှိတို့၏ စကားကို မှတ်သားနာယူကျင့်သုံးသည့် ဓလေ့ကောင်းများ ရှိကြသည်။ ယနေ့ကာလတိုင် လိုက်နာကျင့်သုံးအပ်သည်။

ရဟန်းပညာရှိ ဆရာတော် ရှင်မဟာရဋ္ဌသာရက 'သံဝရပျို့'တွင် 'အငယ်ကတည်းက မဆုံးမသော်၊ မိဘတလည်း၊ ရန်သူမည်၏'ဟူ၍ သတိပေးဆုံးမထားသည်။ ယနေ့ကာလ အချို့ မိဘ၊ ဘိုးဘွားများ ကိုယ့်သားသမီး၊ မြေးမြစ်ကို မဆုံးမဘဲ ပစ်ထားကြသည်ကို တွေ့ရပေမည်။ ထို့ပြင် အတုလဆရာတော်ကြီး ခင်ကြီးဖျော်က 'ပုတ္တောဝါဒဆုံးမစာ'တွင် 'ရှက်ရမ့်မှုန်၊ သားပုတ္တာကို၊ မှန်စွာငယ်က၊ မဆုံးမမူ၊ မိဘတလည်း၊ ရန်သူမည်ဟုဆိုသည့် စကား၊ ထုံးစံများကို မှတ်သားကုန်ကြ'ဟူ၍ လည်းကောင်း၊ မန်လည်ဆရာတော်ကြီးက မာဃဒေဝလင်္ကာသစ်တွင် 'အတတ်ပညာ၊ အလိမ္မာကို၊ ငယ်စဉ်ကလျှင်၊ မသင်စေငြား၊ မိဘများကား၊ သား၏ရန်သူ၊ မည်သောဟူရှင့်'ဟူ၍လည်းကောင်း၊ လူသားတို့အား တရားနှင့်အညီ ဆုံးမရန်ရှိသည့် တာဝန်ဝတ္တရား ပြည့်စေရေး ဆုံးမစာများ ရေးခဲ့သည်မှာ ယနေ့ကာလ မိဘ၊ ဘိုးဘွားတို့၏ သတိမလစ်၊ တာဝန် မယွင်းစေရန် ဖြစ်သည်ကို တွေ့ရသည်။

**အဓိက တင်ပြချက်**

အဓိကတင်ပြလိုသည်မှာ ယနေ့ကာလ မိဘများသည် သားသမီးများအပေါ် အချစ်လွန်သည်ဟူသော စကားအလှများသုံး၍ ဆိုဆုံးမရေးတွင် လစ်ဟင်းနေကြသည်မှာ မျက်မြင်ဖြစ်နေပေသည်။ ငယ်စဉ်အခါ မိမိက ကျွေးမွေးသုတ်သင်ခဲ့၍ လူဖြစ်လာရသည်ကို ယနေ့ကာလ အရွယ်ရောက်လာသည့်အခါ မွေးကျေးဇူး၊ ကျွေးကျေးဇူးကို ကလေးလူငယ်သားသမီးများကသာမက၊ မိဘဘိုးဘွားပါမေ့နေကာ သားသမီး၊ မြေး၊ မြစ်ကို မဆုံးမရဲသည့် ကာလရောက်နေသည်ကို သတိချပ်ကြရပေမည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ၃၈ဖြာ မင်္ဂလာတရားတော်လာ 'ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ သုံးပါး'ကို အဓိကထားဆုံးမပေးရုံဖြင့်ပင် မိမိသားသမီး မြေးမြစ်တို့ လူကောင်းသူကောင်း ဖြစ်နိုင်သည်။ လူကောင်းသူကောင်းဖြစ်ပါမှ လူတော်ဖြစ်နိုင်သည်။ မိဘက သွန်သင်ပြသပါမှ လူဝင်ဆန့်ပြီး လူတစ်လုံးသူတစ်လုံးအဖြစ်မှ နိုင်ငံနှင့်လူမျိုး အကျိုးပါရရှိမည် ဖြစ်ပါကြောင်းနှင့် မိဘဘိုးဘွားတို့အနေဖြင့် မိမိ၏ သားသမီး၊ မြေးမြစ်တို့ကို ယနေ့ကာလ လက်ကိုင်ဖုန်းတစ်လုံးပေး၍ ပစ်မထားဘဲ လူတော်၊ လူကောင်းများဖြစ်စေ ဗုဒ္ဓဘုရား တရားတော်နှင့်အညီ ဆုံးမသွန်သင်ပေးသင့် လမ်းပြသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ဆရာစန်း(မန်းမြို့သစ်)**

## ဒေသခံတောင်သူများကို မိုးသီးနှံစိုက်ပျိုးစရိတ် ထုတ်ချေး



**ပွင့်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးနှင့် အခြားမိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မေ ၂၀ ရက်ကစပြီး မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးဆောင်ရွက်ပေးခဲ့ရာ ဇွန် ၂ ရက်အထိ တောင်သူ ၁၁၀၆ ဦးအား မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၅၀၀ သိန်း ထုတ်ချေးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာ ဦးအေးမင်းနိုင်ထံက သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ မိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဘဏ်မန်နေဂျာက ချေးငွေလာရောက်ထုတ်ချေးသော တောင်သူများကို ချေးငွေများ မထုတ်ချေးမီ သီးနှံအလိုက် ချေးငွေထုတ်ချေးပေးမှုနှုန်းထားနှင့် ချေးငွေပေးဆပ်ရမည့်ကာလ သတ်မှတ်ချက်များ၊ အချိန်မီ ပေးဆပ်နိုင်ရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အသိပေး ရှင်းလင်းဆွေးနွေးပြောကြားပြီး စပါးစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲ၊ အခြားသီးနှံစိုက်ပျိုးခြင်းအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဒေသခံတောင်သူများ လက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ မိုးသီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးပြီးစီးမှုအနေဖြင့် ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ ဒေသခံတောင်သူ ၁၁၀၆ ဦး၏ မိုးစပါးစိုက်ဧက ၅၆၆၆ ဧကနှင့် နှမ်းတစ်ဧကတို့အတွက် စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၈၅၀၀ ထုတ်ချေးဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရမည့် ကျေးရွာအုပ်စု (၅၁)အုပ်စုရှိပြီး အဆိုပါ ကျေးရွာအုပ်စုများအနက်မှ ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေပြေကြေစွာ ပေးဆပ်သည့် ဒေသခံတောင်သူများကို မေ ၂၀ ရက်မှ စတင်၍ မိုးစပါးသီးနှံ စိုက်ပျိုးရန်အတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်း၊ အခြားသီးနှံ စိုက်ပျိုးရန်အတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး ထုတ်ချေးပေးရန် ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများကိုလည်း ချေးငွေ ပြေကြေစွာ ပေးဆပ်မှုအပေါ် မူတည်ပြီး ရုံးဖွင့်ရက်များတွင် ဆက်လက်ထုတ်ချေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Gong Yoo ၏ The Trunk ဇာတ်ကားသစ်ထွက်ရှိ

မှင်စာချစ်သူမင်းသား ဂေါင်ယိုနှင့် မင်းသမီး ဆိုဟွမ်ဂျင်းတို့၏ ဇာတ်ကားသစ် The Trunk ထွက်ရှိလာ၍ ပရိသတ်များ အားပေးမှုမြင့်မားခဲ့ကြသည်။

အဆိုပါဇာတ်ကားတွင် အထီးကျန်သီချင်းထုတ်လုပ်သူ တစ်ဦးနှင့် ယာယီအိမ်ထောင်ဖက် စီစဉ်ပေးသည့် အကျိုးဆောင် ကုမ္ပဏီမှ ဝန်ထမ်းအမျိုးသမီး တစ်ဦးတို့ တွေ့ဆုံခဲ့ကြပြီး လျှို့ဝှက်ဆန်းကြယ်သည့်သေတ္တာ တစ်လုံးထွက်ပေါ်လာရာမှ နှစ်ဦးသား၏ပတ်သက်မှုများအကြောင်း ရိုက်ကူးတင်ဆက်ထားသည်။

ဂေါင်ယို၏ ပြောင်မြောက်သော အနုပညာစွမ်းရည်များနှင့် နာမည်ကြီး အနုပညာရှင်များ ပါဝင်ထားသဖြင့် ယင်းဇာတ်ကားမှာ ကြည့်ရှုနှုန်းမြင့်မားစွာ ရရှိထားသည်။

(SKY)

## Lady Gaga က Mayhem အယ်လ်ဘမ်အောင်မြင်မှုမှာ အစသာရှိသေးသည်ဟု ဆို

အသက် ၃၀ ကျော် အမျိုးသမီး လေဒီဂါဂါသည် Mayhem အယ်လ်ဘမ်နှင့် ကမ္ဘာတစ်ဝန်း အောင်မြင်မှုများ ရရှိထားပြီး အစသာရှိသေးကြောင်း ပြောကြားထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လေဒီဂါဂါသည် မတ် ၂၈ ရက်တွင် အသက် (၃၉)နှစ်ပြည့်ပြီဖြစ်ပြီး အနုပညာသက်တမ်း ၁၇ နှစ်ပြည့်လည်းဖြစ်ခဲ့ကာ Mayhem အယ်လ်ဘမ်နှင့် အောင်မြင်မှုများ သိမ်းပိုက်ပြီး အစသာရှိသေးကြောင်း အများကြီး လုပ်ပြရန်ရှိသေးသည်ဟု ဆုလက်ခံစကားတွင် ပြောကြားသွားသည်။

လေဒီဂါဂါသည် အသက် ၂၂ မှစ၍ ဂီတလောကသို့ ရောက်ရှိခဲ့ကာ အသက် ၃၉ နှစ်ထိသာမက ဆက်လက်၍လည်း တောက်ပနေဦးမည် ဖြစ်သည်။

(SKY)






## အူတွင်းပိုးမွှားများကို ပြန်လည်ထိန်းသိမ်းရန်နှင့် ကာကွယ်ရန် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာက ပိုမိုထိရောက်

ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာသည် အူတွင်းပိုးမွှားအသိုက်အဝန်းကို ပြန်လည်ထိန်းသိမ်းရန်နှင့် ကာကွယ်ရန်အတွက် မစင်အစားထိုးကုသခြင်းထက် ပိုမိုထိရောက်ကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

လူ့ခန္ဓာကိုယ်အတွင်း၌ သန်းထောင်သောင်းချီသော ပိုးမွှားများ နေထိုင်ကြရာ ယင်းအဏုဇီဝသက်ရှိအများစုသည် အန္တရာယ်ရှိသည်ဟုထင်ရသော်လည်း စင်စစ်တွင် ၎င်းတို့သည် အစာခြေစနစ်ကို အထောက်အကူပြုခြင်း၊ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်းနှင့် ရောဂါပိုးမွှားများကို တိုက်ထုတ်ရာတွင် အရေးပါသော၊အမျိုးစုံလင်သောအသိုက်အဝန်းတစ်ခုပင် ဖြစ်သည်။

အူရောင်နာကဲ့သို့သော ရောဂါများ၊ ပဋိဇီဝဆေးသုံးစွဲမှု သို့မဟုတ် အရိုးချဉ်ဆီအစားထိုးကုသမှုများကြောင့် ဤအဏုဇီဝအသိုက်အဝန်း ပျက်စီးသွားပါက ၎င်းကိုပြန်လည်ဖွဲ့စည်းရန် အလွန်အရေးကြီးသည်။

နေးချားသိပ္ပံဂျာနယ်တွင် ဖော်ပြထားသော လေ့လာမှုအသစ်အရ၊ အဏုဇီဝအသိုက်အဝန်းကို ပြန်လည်တည်ဆောက်ရန် အထိရောက်ဆုံးနည်းလမ်းမှာ အရိုးရှင်းဆုံးဖြစ်သည့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာကို စားသုံးခြင်းပင်ဖြစ်သည်ကြောင်း သိရသည်။

(SCI)

## Shah Rukh Khan က မျိုးဆက်သစ်အနုပညာရှင်များကို နွေးထွေးစွာ ဆက်ဆံခဲ့

အိန္ဒိယအနုပညာလောကမှ IIFA ဆုပေးပွဲတွင် အနုပညာရှင်များ စုံညီစွာတက်ရောက်ခဲ့ကြရာ ကမ္ဘာကျော်မင်းသားကြီး ရှာရွတ်ခန်က မျိုးဆက်သစ်အနုပညာရှင်များကို နွေးထွေးစွာ ဆက်ဆံခဲ့ပုံမှာ အတုယူစရာကောင်းကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲတွင် အဂျေးလ်၏ Shaitaan ဇာတ်ကားမှ ဗီလိန်မင်းသမီး ဂျန်ကီက အကောင်းဆုံးဇာတ်ပို့ဆုရရှိချိန် ရှာရွတ်ခန်က ဆုပေးသူဖြစ်၍ ရင်တုန်စိတ်လှုပ်ရှားနေ၍ ရှာရွတ်ခန်က နွေးထွေးစွာ အားပေးခဲ့သည်။

ပွဲအတွင်း အဆိုတော် ရှရီယားက ရှာရွတ်ခန်ကို နှုတ်ဆက်လို၍ စောင့်နေသည်ကို တွေ့၍ ဖက်လှဲတကင်းနှုတ်ဆက်ခဲ့သဖြင့် ရှာရွတ်ခန်၏ အပြုအမူများကြောင့် King Khan ကို ပရိသတ်အချစ်ပိုနေကြသည်။

(SKY)

0 - 0 - 0 - 0 - 0



## အဆိုတော်၊ အကပညာရှင် Wheesung ကွယ်လွန်

တောင်ကိုရီးယားအနုပညာလောကမှ ကြယ်ပွင့်လေးများ ကြွေလွင့်ခဲ့ကြရာ မင်းသမီး ကင်ဆာရမ်းနှင့် အဆိုတော်၊ အကပညာရှင် ဝီဆောင်းလည်း ရုတ်တရက် ကွယ်လွန်သွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အနုပညာရှင် ကေပေါ့ပ်အဆိုတော် ကင်ဆာရမ်းမှာလည်း ကားမတော်တဆမှုနှင့် ပတ်သက်၍ အမှုများ ရင်ဆိုင်ခဲ့ရကာ ကွယ်လွန်ပြီး နောက်ဆက်တွဲသတင်းများ မရပ်မနားထွက်ရှိလာခဲ့သည်။

အဆိုတော်၊ အကပညာရှင် ဝီဆောင်း၏ ကွယ်လွန်မှုကို အနုပညာရှင်များ ယူကျုံးမရဖြစ်နေကြကာ အိုင်ယူအပါအဝင် အနုပညာရှင်များစွာ လာရောက်နှုတ်ဆက်ခဲ့ကြသည်။

(SKY)

## Whiplash ရုပ်ရှင် စိတ်ခွန်အားရ၍ Jazz ဂီတကို ခံစားရမည့် ရုပ်ရှင်ဖြစ်

ဟောလိဝုဒ်ရုပ်ရှင် Whiplash သည် ကြိုးစားမှုများ အတုယူစရာကောင်း၍ စိတ်ခွန်အားရစေပြီး Jazz ဂီတကို အကောင်းဆုံးခံစားရမည့် ရုပ်ရှင်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဆယ်ကျော်သက်ဒရမ်တီးသည့်လူငယ်လေးတစ်ဦး၏ သူ့အိပ်မက်ကို အမှန်တကယ်ဖြစ်လာရန် ကြိုးစားရန်းကန်သည့်အကြောင်း အဓိကရိုက်ကူးထားပြီး Jazz Drummer တစ်ဦးဖြစ်လာခဲ့ပုံဖြစ်သည့်အပြင် IMDb 8.4 ရရှိထားသည်။

ဂျပ်ဇ်ဒရမ်မာသမားဖြစ်လိုသည့် လူငယ်လေးမှာ Shaffer သင်တန်းကျောင်းတွင် Fletcher ဟု ခေါ်သည့် ဆရာ၏တီးဝိုင်းတွင် ပါဖို့ ကြိုးစားခဲ့ရာ ဆရာက သူ့ပုံစံမရမချင်း မနားတမ်းတွန်းအားပေးလေ့ကျင့်ခိုင်းရာမှ အပြင်းအထန်လေ့ကျင့်ခဲ့ရပြီး လက်များသွေးထွက်သည်အထိ ကြိုးစားခဲ့ရပုံမှာ စိတ်ခွန်အားကို ဖြစ်စေပြီး Jazz ဂီတကိုပါ ခံစားကြရမည်ဖြစ်သည်။ (SKY)




## BTS အဖွဲ့ဝင်များထဲမှ Bit Hit ၏ ပထမဆုံးသင်တန်းသားနှစ်ဦးမှာ RM နှင့် Sugar ဖြစ်

Bit Hit အင်တာတိန်းမင့်မှာ သေးငယ်ပြီး BTS ကို မွေးဖွားပေးခဲ့ရာ ပထမဆုံးသင်တန်းသားနှစ်ဦးမှာ RM နှင့် Sugar တို့ဖြစ်ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအင်တာတိန်းမင့်မှ ပွဲဦးထွက်ခွင့်ရရန် သင်တန်းသားများစွာရှိသော်လည်း အချိန်ကြာသည်နှင့်အမျှ ထွက်ခွာသွားကြရာ ဒယ်ဂူမှ ဆိုးလ်အထိ တစ်ဦးတည်း သင်တန်းတက်သည့် ရက်ပ်၊ တေးရေး၊ ထုတ်လုပ်သူဖြစ်ချင်သည့် ၁၇ နှစ်သား Sugar (ခေါ်)မင်ယွန်းဂီနှင့် ၁၆ နှစ်သား RM တို့ ၂၀၁၀ ပြည့်နှစ်တွင် ကျန်ရစ်ခဲ့ကြသည်။

တစ်ဦးစိတ်တစ်ဦး သိကြပြီး မကြာခဏ ရန်ဖြစ်သော်လည်း တစ်နှစ်ငယ်သော ခေါင်းဆောင် RM ကို လေးစားကာ အောင်မြင်မှု၊ ကျရှုံးမှုတို့ကိုအတူတူဖြတ်သန်းရင်း ဆုပေးပွဲများတွင် ဆုရသူများကို အားကျခဲ့ကြရာမှ ၂၀၁၆ ခုနှစ် MAMA ဆုပေးပွဲဆုရချိန်တွင် ပင်ပန်းဆင်းရဲခဲ့သမျှ နှစ်ဦးသားဖက်ကာ ငိုခဲ့ကြ၍ ကျန်အဖွဲ့ဝင်များ သူတို့နှစ်ဦး၏ ဝမ်းသာ၊ ဝမ်းနည်းမှုကို နားလည်ခဲ့ကြသည်။ (SKY)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာတောင်ကန် ကန်ပေါင် ရန်ကုန်-မန္တလေးလမ်းပိုင်း လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှု

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာတောင်ကန် ကန်ပေါင်၊ ရန်ကုန်-မန္တလေးလမ်းပိုင်း လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် လမ်းပိုင်းသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် မိတ္ထီလာတောင်ကန် ကန်ပေါင် ပေတိုင် ၅၀၀ ပေမှ ပေတိုင် ၉၀၀ ပေအတွင်း မြေပြိုကျခြင်း၊ ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင် ၆/၅ မှ မိုင်တိုင် ၆/၇ အကြားတွင် ကတ္တရာလမ်းပိုင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်ပယ်ကြီး ၅ ခုတွင် အရေးကြီးဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကို အချိန်တိုအတွင်း ပိုမိုခိုင်ခံ့ကောင်းမွန်သည့် ကန်ပေါင်နှင့် လမ်းကို ပြီးစီးအောင် စုစည်းညီညွတ်မှုတို့ဖြင့် ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြသည့်အတွက် အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်ပေးသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ယုဇနကုမ္ပဏီလီမိတက်တို့နှင့် ညှိနှိုင်းပေါင်းစပ်၍ ကန်ပေါင်မြေပြိုကျမှုနှင့် ကန်ဘောင်ထိပ်ပြင်တွင် အက်ကွဲကြောင်းဖြစ်ပေါ်နေမှုအား စက်ယန္တရား အင်အား၊ လူအင်အားတို့ဖြင့် နေ့၊ ည ဆောင်ရွက်ခဲ့ပါကြောင်း၊ တာပေါင် အမြင့်ပေ ၆၂ ပေအား မြေကြီးကျင်း ၉၁၁၄ ကျင်း ဖို့ခြင်းလုပ်ငန်း၊ အကျယ် ၄၈ပေ၊ အရှည် ၅၅၀ ပေ၊ ပေ ၃ လက်မထု ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ယာဉ်ကြောပြဆေးလိုင်းရေးဆွဲခြင်း၊ အကာကွယ်တိုင်(Guard Post)များ စိုက်ထူခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး စုစုပေါင်းငွေကျပ် ၁၂၄၈ သန်းခန့် ကုန်ကျခံဆောင်ရွက်ခဲ့ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများအား တာဝန်ရှိသူများက လမ်းဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရပစ္စည်းများ ပေးအပ်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ရှမ်းအိုးစည်အကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်၍ လမ်းပိုင်းတစ်လျှောက်နှင့် ကန်ပေါင်ဘေးဝဲ၊ ယာတစ်လျှောက်ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သိန်းမင်းအရောင်တင်ငရုတ်သီးမှုန့်ထုတ်လုပ်သည့် လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းရှင်က GAP စနစ်ဖြင့် စိုက်ပျိုးထားသော ငရုတ်ကုန်ကြမ်းများကို ဖုန်၊ ခဲ၊ သဲ အညစ်အကြေးများမဝင်ရောက်နိုင်သော Solar Dryer Domes (ကိုရီးယားနိုင်ငံထုတ်အခြောက်ခံစက်)များဖြင့် အခြောက်ခံ၍ ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်၊ ထုတ်လုပ်နေသည့်အမယ်များ၊ ဈေးကွက်အတွင်း ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)သို့ ရောက်ရှိပြီး စာသင်ခန်းများတွင် သက်ဆိုင်ရာအတန်းအလိုက် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ခန်းစာများကို သင်ကြားပေးနေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် သင်ယူနေမှုများ၊ သက်ဆိုင်ရာ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားထုတ်ပေးနေမှုများ၊ တက္ကသိုဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား Campများတွင် နေထိုင်ပြီး ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်၍ သင်ခန်းစာများကို ပြန်လည်လေ့ကျင့်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မိတ္ထီလာမြို့ စက်မှုဇုန်ရှိ Garden Family ဆိတ်အသားတိုး အစာစပ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှ တာဝန်ရှိသူများက ကုန်ကြမ်းများကို ပြည်တွင်းထွက် ဇီးသီးဖတ်၊ ဝါစေ့ကြိတ်ဖတ်၊ ပဲနှစ်၊ ဖွဲနုတို့ဖြင့် ဒေသထွက်အသားတိုး သိုး၊ ဆိတ်အစာများ ထုတ်လုပ်နေမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မူလအနေအထားမှ တိမ်းစောင်းသွားသော ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာကြီး လက်ရှိတည်ရှိနေမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





သတင်း-စာမျက်နှာ ၈



















သတင်း-စာမျက်နှာ ၈













## ငလျင်ဘေး ပြန်လည်ထူထောင်ရေးရန်ပုံငွေအလှူ ဂီတဖျော်ဖြေပွဲကျင်းပ မန္တလေးငလျင်ဘေး ပြန်လည်ထူထောင်ရေးလှူဒါန်း

**မန္တလေး ဇွန် ၃**

မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးနှင့် ကူညီပံ့ပိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေဂီတပွဲအဖြစ် ရန်ကုန်မြို့မှ IC Music Band အဖွဲ့နှင့် မန္တလေးမြို့ ဂီတချစ်သူများ ပူးပေါင်း၍ မေ ၃၁ ရက်က မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ The Square Bar တွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**




ဂီတဖျော်ဖြေပွဲအပြီးတွင် လက်မှတ်ရောင်းချရသည့် ငွေများ၊ ထပ်ဆောင်းရရှိသည့်အလှူငွေများအားလုံးကို ဇွန် ၁ ရက်က မန္တလေးတိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်၊ မဏိစလလူမှုကူညီရေးအသင်း၊ မဟာလူမှုကူညီရေးအသင်း၊ ဂီတမောင်နှမများပရဟိတအသင်း၊ ရွှေဘုန်းရှိန်ဗလီ၊ ဓမ္မဓရဝါဆိုကျောင်းတိုက်၊ Christ AG Charch၊ MYC Church၊ ပြည်လုံးချမ်းသာနှစ်ခြင်းအသင်း၊ အမရပူရမြို့နယ်ရှိ ဆင်ကာငလျင်ကယ်ဆယ်ရေးစခန်းများသို့ ငလျင်ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးနှင့် ကူညီပံ့ပိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် IC Music Band အဖွဲ့မှ တာဝန်ရှိသူများက လူမှုကူညီရေးအသင်းများထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

o-o-o-o-o

o-o-o

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဇွန် ၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်သည်။ မိဘများနှင့် ခင်ပွန်း ဦးမောင်မောင်ကျော်တို့အား ရည်စူး၍ မန္တလေး၊ မဟာမြိုင်(၁)နေ ဇနီး ဒေါ်ခင်စန်းမြင့်၊ နှမ ဒေါ်တင်တင်စိန်နှင့် မိသားစုတို့က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၀ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ခြောက်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၆ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာ ဿကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်၍ သံဃာတော်တစ်ပါးချင်းစီအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(PNT)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်

**မန္တလေး ဇွန် ၃**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်၌ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ် အမျိုးသားဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြကာ အမရပူရမြို့နယ်အသင်းက မဟာအောင်မြေမြို့နယ်အသင်းကို ၃ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမရပူရမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပထမဆုရရှိသည့် အမရပူရမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် မဟာအောင်မြေမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ ပူးတွဲတတိယ




ဆုများရရှိသည့် ကျောက်ပန်းတောင်းမြို့နယ်အသင်းနှင့် မိတ္ထီလာမြို့နယ်အသင်းတို့အား ဆုတံဆိပ်များနှင့် ငွေသားဆုကို လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမား အကောင်းဆုံးဆုရ အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀
















# မန္တလေး၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှုနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၃**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေး၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားရင်ပြင်တော်ရှိ ကျောက်ပြားများ ပြန်လည်ပြုပြင် ဆောင်ရွက်နေသည့် အခြေအနေများအား လည်းကောင်း၊ အက်ကွဲသွားသော ဂန္ဓကုဋိတိုက်အောက်ခြေလှေကားဝဲ၊ ယာရှိ မကန်းရုပ်အောက်ခြေနေရာ အက်ကွဲကြောင်းအတွင်း အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များ၏ စစ်ဆေးချက်အရ သဲများလောင်းထည့်ပြုပြင်နေမှုအခြေအနေများအား လည်းကောင်း၊ စေတီတော်၏ အထက်ပစ္စယံရှိ ထိခိုက်ပျက်စီးခဲ့သော ကာလသာအိုးများ ပြန်လည်ပြုပြင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းနောက် စေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း ကြံ့ခိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ အလှူငွေများပေးအပ်ကာ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)



## ဆန်၊ ဆန်ကွဲတင်ပို့ခွင့်အတွက် မှတ်ပုံတင်လျှောက်ထားလိုသော ကုမ္ပဏီများအား EOI တင်ပြရန် ဖိတ်ခေါ်ထား



**မန္တလေး ဇွန် ၃**

ပြည်ပသို့ ဆန်၊ ဆန်ကွဲ တင်ပို့ခွင့်အတွက် မှတ်ပုံတင် လျှောက်ထားလိုသောကုမ္ပဏီများ အနေဖြင့် စိတ်ဝင်စားမှု အဆိုပြုလွှာ EOI တင်ပြရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဖိတ်ခေါ်ထားပြီး ဇွန် ၃၀ ရက် နောက်ဆုံးထား တင်ပြရမည်ဖြစ်ကြောင်း MRF မှ သိရသည်။

သဘောတူစာချုပ်ပါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နှစ်စဉ် ပုံမှန်စိစစ်မှတ်ပုံတင်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဟု ဆိုသည်။ (ဓဝပုံ)

"ဆန်၊ ဆန်ကွဲတင်ပို့မယ့် ကုမ္ပဏီအသစ်တွေနဲ့ EOI တင်ပြလျှောက်ထားနိုင်ပြီး အရင်ခွင့်ပြုထားတဲ့ ကုမ္ပဏီတွေနဲ့တော့ သက်ဆိုင်ပါတယ်။ လျှောက်လွှာတွေကို မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ ရယူနိုင်ပြီး ဇွန် ၃၀ ရက်အထိ စိုက်ပျိုးရေးဦးစီးဌာနကို တင်ပြရမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတကာ ဆန်စပါးဈေးကွက်တွင် ဖေ့ညီမထ၊ ငစိန်အုပ်စုဝင်များဖြစ်သည့် ဆင်းသုခ၊ ရတနာတိုး၊ ငစိန်၊ ရာကျော်၊ ကရင်မ၊ ဧောရှုပ်၊ ၇၄၇ စသည့် ဆန်ကြမ်းအမျိုးအစားများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုသည် ပိုမိုများပြားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အစိုးရနည်းပညာ အထက်တန်းကျောင်း စတင်ဖွင့်လှစ်သင်ကြား

**ကျောက်ဆည် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂ ရက် နံနက်ပိုင်းက စတင်၍ သင်ကြားမှုများကို ဆောင်ရွက်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

အစိုးရနည်းပညာအထက်တန်းကျောင်းအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဘာသာရပ်ခြောက်မျိုးဖြစ်သည့် အဆောက်အအုံနည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း၊ သုတနည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်း၊ အဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်းနည်းပညာသင်တန်းများ သင်ကြားပေးပြီး ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့၊ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်သည်။



ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်နှစ် သုံးနှစ်ကာလတွင် အဆင့်မီစွာ အောင်မြင်ခဲ့ပါက (AGTI) ကျောင်း၌ ပထမနှစ်အတန်းတွင် ဆက်လက်ပညာသင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အထူးအောင်မြင်ခဲ့ပါက နည်းပညာတက္ကသိုလ်၌ BE ပထမနှစ်၊ နည်းပညာကောလိပ်၌ B-Tech ပထမနှစ်အတန်းများတွင် သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေး သတ်မှတ်ချက်များအတိုင်း ဝင်ရောက်လျှောက်ထားနိုင်ကြောင်း၊ ရိုးရိုးအောင်မြင်ခဲ့ပါက ပညာသင်နှစ်ပြီးမြောက်ကြောင်း အောင်လက်မှတ်များ ရရှိမည်ဖြစ်ပြီး ပြင်ပလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်းနှင့် ကိုယ်ပိုင်လုပ်ငန်းများတည်ထောင်လုပ်ကိုင်ရာတွင် များစွာအထောက်အကူရရှိမည်ဖြစ်ကြောင်း သိရသည်။ (ဓဝပုံ)

**စုစုအေး(ကျောက်ဆည်)**

o-o-o-o-o

## ဆီထွက်သီးနှံ မိုးနေကြာမျိုးသန့်မျိုးစေ့များ (အခမဲ့)ပေးအပ်

**မိုင်းဖြတ် ဇွန် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မိုးသီးနှံရာသီတွင် ဆီထွက်သီးနှံ မိုးနေကြာမျိုးသန့်ပွားများရေးအတွက် နေကြာမျိုးသန့်မျိုးစေ့များ ပေးအပ်ခြင်းကို မေ ၃၀ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားသည်။ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းလွင်က နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၂၁ စု အတွက် တစ်အုပ်စုလျှင် တစ်ဧက မျိုးသန့်ပွားများထားနိုင်ရန် ဆင်းရွှေကြာ (၂) မျိုးသန့်မျိုးစေ့ သုံးကီလိုကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ထိုသို့ နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းသည် ဒေသအတွင်း စားသုံးဆီဖူလုံမှု ၆၅ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် စားသုံးဆီဖူလုံရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆီထွက်သီးနှံနေကြာကို ဆောင်းရာသီ၌ ဧက ၄၂၀ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားရာ ဧက ၄၂၀ အတွက် မျိုးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်၊ မိုးရာသီတွင် မျိုးသန့်ပွားများရေးအတွက် အဆိုပါမျိုးများကို ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီတွင် မျိုးသန့်ပွားများနိုင်ရန်အတွက် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းရာသီ၌ စိုက်ပျိုးထားသော ဆင်းရွှေကြာ(၂)မျိုးများ ကိုပေးအပ်ခြင်းဖြစ်ကြောင်း၊ မိုးရာသီတွင် ကျေးရွာအုပ်စု တစ်အုပ်စုလျှင် တစ်ဧကနှုန်းဖြင့် မျိုးသန့်ပွားများ စိုက်ပျိုး၍ တစ်ဧကမှ မျိုးသန့်မျိုးစေ့ ငါးတင်းနှုန်း မျိုးစေ့ရယူ၍ ဆောင်းရာသီတွင် တစ်အုပ်စုလျှင် ဧက ၂၀ နှုန်းဖြင့် စိုက်ပျိုးပါက လျာထားချက်ဧကဖြစ်သည့် ဧက ၄၂၀ ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံက သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

✱-✱-✱-✱-✱



## သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့၊ အလှူငွေပေးအပ်

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို ဇွန် ၁ ရက် နံနက် ၇ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ အင်းခရဘုရားတွင် ကျင်းပသည်။

သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး ဆုတောင်းမေတ္တာပို့သရာတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး အင်းခရဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက အင်းခရဘုရား ဘက်စုံပြုပြင်ရေးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၄၅)

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ ၃၄လမ်း၊ ၈၅ လမ်းနှင့်၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံအနီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၄လမ်း၊ ၁၃၀လမ်းနှင့်၁၃၁လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၂လမ်း၊ ၃၉ လမ်းနှင့်လမ်း၄၀ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၇၅/၄၇၆)ထီးတန်း၊ ပဲတန်းလမ်း၊ ၈၂လမ်းနှင့်၈၄လမ်းကြား၊ ထီးတန်းဓမ္မာရုံ ရှေ့တို့တွင်လည်းကောင်း၊ ဇွန် ၅ ရက်တွင် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ် လမ်းငါးခွဓမ္မာရုံ၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်တွင်လည်းကောင်း၊ ဇွန် ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ မေဇင်သိန်းလမ်းတို့တွင်လည်းကောင်း၊ ဇွန် ၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၂လမ်းနှင့်၄၃လမ်းကြားတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့်၄၇လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**






## တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား Covid ကာကွယ်ဆေးထိုးနှံ

**မန္တလေး ဇွန် ၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်တွင် တက္ကသိုလ်ဝင်တန်း (Grade-12) ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ် (Covid) ကာကွယ်ဆေး ထိုးနှံပေးခြင်းကို စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများအား သင်ကြားလေ့ကျင့်ရေးစခန်း အမှတ်(၁၅)အခြေခံပညာ အထက်တန်းကျောင်းတွင် မေ ၃၁ ရက် နံနက် ၁၀ နာရီက ထိုးနှံပေးခဲ့သည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ကျန်းမာရေးစစ်ဆေးခြင်းနှင့် သွေးပေါင်ချိန်တိုင်းတာခြင်းများကို ဆောင်ရွက်ပြီး ကိုဗစ်ကာကွယ်ဆေး Pfizer ကို ထိုးနှံပေးကြရာ မဟာအောင်မြေခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်၊ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်စုထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအသင်း အသင်းဝင်များက လိုအပ်သောကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ချမ်းအေးသာစံမြို့နယ်တွင် တက္ကသိုလ်ဝင်တန်း (Grade-12) ဖြေဆိုရန်အတွက် အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်း သင်ကြားလေ့ကျင့်ရေးစခန်းတွင် ကျောင်းသား ၁၆ ဦး၊ ကျောင်းသူ ၂၁ ဦး သင်ကြားလျက်ရှိပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်ကာကွယ်ဆေး Pfizer ကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ထွန်းထွန်းနိုင်)**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။

## အသက်(၂)နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ



**တံတားဦး ဇွန် ၃**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများက ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် တိုက်ကျွေးလုပ်ငန်းကို တံတားဦးမြို့ပေါ်ရှိ ရပ်ကွက်(၁၊ ၂၊ ၃)အုပ်စုများမှ ရပ်ကွက်များအတွင်းရှိ အသက်(၂)နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ဇွန် ၂ ရက် နံနက်ပိုင်းက အမှတ်(၁၊ ၂၊ ၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အသီးသီးတွင် ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံရာတွင် လာရောက်ကြသည် အသက်(၂)နှစ်အောက်ကလေးငယ်များအားနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ကျန်းမာရေးဝန်ထမ်းများက အဆုတ်ရောင်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေးနှင့် ဝမ်းရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးခြင်းများကို အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ကာကွယ်ဆေးများ ထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းများကို အသက်အရွယ်အလိုက်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ကျန်းမာရေးဝန်ထမ်းများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

တံတားဦးမြို့နယ် အမှတ်(၁၊ ၂၊ ၃)ရပ်ကွက်များတွင် ကလေးငယ် ၁၃၄ ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၂ ဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း၊ ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းလုပ်ငန်းများကို လစဉ်လဆန်း ၁ ရက်မှစတင်၍ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု စုရပ်များတွင် ထိုးနှံ၊ တိုက်ကျွေးပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ဝဲပုံ)**

**(၄၀၉)**

## အသေးစားထုတ်ကုန်များပန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ညောင်ဦး ဇွန် ၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သော အသေးစားထုတ်ကုန်များ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ညောင်ဦးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနော်ရထာခန်းမ၌ ဇွန် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကျေးလက်နေမိသားစုဝင်ငွေတိုးစီမံကိန်းအခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာထွန်းက အသေးစားထုတ်ကုန်များ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က စီမံကိန်းလုပ်ငန်း၊ သင်တန်းသုံး သင်ထောက်ကူပစ္စည်းများ၊ သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများအား လွှဲပြောင်းပေးအပ်ရာ သင်တန်းခေါင်းဆောင်နှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြကာ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ထို့နောက် စက်ချုပ်နည်းပညာသင်တန်းသုံးပစ္စည်းများအား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကကြည့်ရှုရာ ခရိုင်ဦးစီးမှူးက ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**၄၈၁)**










တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တစ်နေရာတွင် ကြားဖြတ်သမ္မတရွေးကောက်ပွဲအတွက် ဇွန် ၃ ရက်က မဲပေးနေကြစဉ်။ **Mon**

## သမ္မတထရမ့်၏ ကုန်သွယ်ရေးမူဝါဒကို ကုန်သည်များ လျစ်လျူရှု အမေရိကန်စတော့ဈေးများ အကျဘက်မှ ပြန်လည်မြင့်တက်လာ

**ဝါရှင်တန် ဇွန် ၃**

သမ္မတဒေါ်နယ်လ်ထရမ့်၏ လတ်တလောကုန်သွယ်ရေးမူဝါဒ မတည်ငြိမ်မှုများကို ကုန်သည်များဖက်က လျစ်လျူရှုရာမှ အမေရိကန်စတော့ဈေးများ ဇွန် ၂ ရက်တွင် အကျဘက်မှ ရုတ်တရက် ပြန်လည်မြင့်တက်လာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သမ္မတထရမ့်သည် သံမဏိအတွက် အကောက်ခွန်နှုန်းကို ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆတိုးမည်ဟု ခြိမ်းခြောက်ခဲ့ပြီး ဘဏ္ဍာရေးဈေးကွက်တွင် အသစ်သော စိုးရိမ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

သို့ရာတွင် ဇွန် ၂ ရက် မွန်းလွဲပိုင်းက ကုန်သည်များ အဝယ်ဘက်သို့ အားသန်လာသဖြင့် ဝေါလ်စထရီးဈေးကွက်တွင် အဓိကစတော့အညွှန်းကိန်းသုံးခုလုံး ပိုမိုမြင့်တက်လာသည်။

ဒေါ်ဂျုန်းစက်မှုလုပ်ငန်းပျမ်းမျှအညွှန်းကိန်းသည် ၀ ဒသမ ၁ ရာခိုင်နှုန်းတက်ကာ ၄၂၃၀၅ ဒသမ ၄၈ အထိ ရောက်ရှိခဲ့ပြီး ကျယ်ပြန့်သော အက်စ်အင်န်ပီ ၅၀၀ သည် ၀ ဒသမ ၄ ရာခိုင်နှုန်းတက်ကာ ၅၉၃၅ ဒသမ ၉၄ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **Mon**

## ပိုင်ဆိုင်မှုအများစုကို အာဖရိကကျန်းမာရေးနှင့်ပညာရေးဝန်ဆောင်မှုအတွက် မိုက်ခရိုဆော့ဖ်ကုမ္ပဏီတည်ထောင်သူ ဘီလ်ဂိတ်စ် အသုံးပြုရန် ရည်မှန်းထား

**ဝါရှင်တန် ဇွန် ၃**

မိုက်ခရိုဆော့ဖ်ကုမ္ပဏီတည်ထောင်သူ ဘီလ်ဂိတ်စ်က လာမည့်နှစ် ၂၀ အတွင်း ၎င်း၏ ပိုင်ဆိုင်မှုအများစုကို အာဖရိကတိုက်ရှိ ကျန်းမာရေးနှင့်ပညာရေးဝန်ဆောင်မှုများ မြှင့်တင်ရန်အတွက် အသုံးပြုရန် ရည်မှန်းထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကျန်းမာရေးနှင့်ပညာရေးမှတစ်ဆင့် လူသားအရင်းအမြစ်ထွန်းကားစေခြင်းဖြင့် အာဖရိကရှိ နိုင်ငံတိုင်း ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ရောက်သင့်သည်''ဟု အသက် ၆၉ နှစ်ရှိပြီဖြစ်သော ဘီလ်ဂိတ်စ်က ထုတ်ဖော်ပြောကြားသည်။



အီသီယိုပီးယားမြို့တော် အဒစ္စဘာဘာတွင် ထိုသို့ပြောကြားစဉ် အာဖရိကတိုက်တွင် ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ရန် ဉာဏ်ရည်တု မည်သို့တည်ဆောက်ရမည်ကို စဉ်းစားရန် အာဖရိကရှိ လူငယ်တီထွင်သူများကို ၎င်းက တိုက်တွန်းခဲ့သည်။

ပိုင်ဆိုင်မှု ၉၉ ရာခိုင်နှုန်းကို ၂၀၄၅ ခုနှစ်တွင် လှူဒါန်းပြီး ၎င်း၏ဖောင်ဒေးရှင်းလုပ်ငန်းများ ရပ်ဆိုင်းမည်ဟု ယခင်လက ကြေညာခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0

## ရန်ပုံငွေရှာခဲ့သည့် အမေရိကန်ဒေါ်လာ သန်း ၆၅၀ကို အီလွန်မတ်စ်၏ နျူရာလင့်(ခ်)ကုမ္ပဏီ ရရှိခဲ့ပြီဟု ဆို

**ဝါရှင်တန် ဇွန် ၃**

အီလွန်မတ်စ်၏ နျူရာလင့်(ခ်)ကုမ္ပဏီက ဦးနှောက်အာရုံကြော ထည့်သွင်းကိရိယာ လက်တွေ့စမ်းသပ်မှုများ စတင်ချိန်တွင် လတ်တလောရန်ပုံငွေရှာခဲ့သည့် အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကို ဇွန် ၂ ရက်က ရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

''ဒီရန်ပုံငွေက ကျွန်တော်တို့ရဲ့ နည်းပညာကို လူတွေအများကြီးဆီရောက်အောင် ကူညီပေးပါတယ်။ ကျန်းမာရေးလိုအပ်ချက်များနဲ့ လူတွေအတွက် လွတ်လပ်မှုကို ပြန်လည်ရရှိစေပြီး ဦးနှောက်အာရုံကြောချိတ်ဆက်မှုတွေနဲ့ ဘာတွေလုပ်နိုင်မလဲဆိုတဲ့ အကန့်အသတ်တွေကို ကျော်လွှန်နိုင်မှာဖြစ်ပါတယ်''ဟု ကုမ္ပဏီပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

ဦးနှောက်အာရုံကြော အချက်ပြမှုများကို ကွန်ပျူတာနှင့် ဖုန်းများဆီသို့ ပို့လွှတ်နိုင်သည့် ချစ်ပ်ပါရှိသော ကိရိယာအား နိုင်ငံသုံးနိုင်ငံတွင် လက်တွေ့စမ်းသပ်မှုများ စတင်ခဲ့ပြီဖြစ်သည်။

ကုမ္ပဏီ၏ပြောကြားချက်အရ ပြင်းထန်သော လှုပ်ရှားမှုအားနည်းသူ လူနာ ငါးဦးသည် ၎င်းတို့၏စိတ်ကူးများဖြင့် ဒီဂျစ်တယ်နှင့် ရုပ်ပိုင်းဆိုင်ရာကိရိယာများကို ထိန်းချုပ်ရန် စတင်အသုံးပြုနေကြောင်း သိရသည်။ **Mon**




## ရာသီဥတုလှုပ်ရှားသူ ဂရက်တာသွန်းဘာ့ဂ်နှင့် အခြားလှုပ်ရှားသူများ အစ္စရေးပိတ်ဆို့မှုကို ချိုးဖောက်ရန် သင်္ဘောဖြင့် ဂါဇာသို့ ထွက်ခွာ


**ရောမ ဇွန် ၃**

ရာသီဥတုလှုပ်ရှားသူ ဂရက်တာသွန်းဘာ့ဂ်နှင့် အခြားလှုပ်ရှားသူ ၁၁ ဦးသည် အပျက်အစီးများဖြင့် ပြည့်နေသော ဂါဇာကမ်းခြေသို့ အစ္စရေး၏ ပိတ်ဆို့မှုကို ချိုးဖောက်ရန် ရည်ရွယ်ကာ သင်္ဘောဖြင့် ဇွန် ၁ ရက် မွန်းတည့်ချိန်တွင် ထွက်ခွာသွားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းလှုပ်ရှားသူများအဖွဲ့၏ မတ်ဒလင်း၍က်လှေသည် အီတလီတောင်ပိုင်း ကာတာနီယာဆိပ်ကမ်းမှ စတင်ထွက်ခွာလာခြင်းဖြစ်သည်။

လက်ရှိ လူသားချင်းစာနာမှု အကျပ်အတည်းအပေါ် နိုင်ငံတကာအသိအမြင် မြှင့်တင်ရန်နှင့် အကူအညီအနည်းငယ်ယူဆောင်ရန် ဂါဇာကမ်းခြေသို့ ရောက်ရှိရန် ကြိုးစားမည်ဟု ထွက်ခွာမည့်အချိန်မတိုင်မီ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် လှုပ်ရှားသူများက ပြောကြားသည်။

''ကျွန်မတို့ဘယ်လောက်ပဲ အခက်အခဲရှိရှိ ကြိုးစားအားထုတ်ဖို့လိုတယ်ဆိုတဲ့အတွက် ဒါကိုလုပ်နေတာပါ''ဟု ဂရက်တာသွန်းဘာ့ဂ်က သူမ၏ ဟောပြောချက်အတွင်း မျက်ရည်ကျရင်း ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## တရုတ်ရိုးရာနဂါးလှေပွဲတော် အားလပ်ရက်အတွင်း ဖိုးရှန်းမြို့သို့ ခရီးသွားဧည့်သည် နှစ်သန်းကျော် လာရောက်ခဲ့

**ပေကျင်း ဇွန် ၃**

တရုတ်ရိုးရာ နဂါးလှေပွဲတော် အားလပ်ရက်အတွင်း စနေနေ့မှ တနင်္လာနေ့အထိ တရုတ်နိုင်ငံ ဖိုးရှန်းမြို့သို့ ခရီးသွားဧည့်သည်ပေါင်း နှစ်သန်းကျော် လာရောက်ခဲ့ပြီး၊ ယခုနှစ်တွင် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၄၆ ဒသမ ၁၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ထို့ပြင် သုံးရက်တာ အားလပ်ရက်အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၁ ဒသမ ၀၁၅ ဘီလီယံယွမ်(အမေရိကန်ဒေါ်လာ ၁၄၁ သန်း)အထိ ရရှိခဲ့ပြီး၊ ယခုနှစ်တွင် ပြီးခဲ့သည့်နှစ်ထက် ၄၉ ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။

ဖိုးရှန်းမြို့ရှိ နဂါးလှေပြိုင်ပွဲများသည် ဇွန် ၁၅ ရက်နေ့အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကြီးကျယ်သော အသင်းများဖြစ်သည့် ဂွမ်ဒေါင်ပြည်နယ်မှ အသင်းများနှင့် ဟောင်ကောင်၊ မကာအို စသည့်မြို့များမှ အသင်းများလည်း ဖိတ်ကြားထားသည်။

နဂါးလှေပွဲတော်သည် တရုတ်နိုင်ငံ၏ ရှေးခေတ်ကဗျာဆရာကြီး ချူးယွမ်အား ဂုဏ်ပြုသော ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးတွင် စိတ်လှုပ်ရှားဖွယ် နဂါးလှေပြိုင်ပွဲများ ကျင်းပလေ့ရှိကြောင်း သိရသည်။ **Mon**

0-0-0-0-0

## အီတလီနိုင်ငံရှိ အက်တနာတောင်မီးတောင် ပေါက်ကွဲပြာမှုန့်နှင့် မီးခိုးမည်းများ တလိပ်လိပ် ထွက်ပေါ်လာ

**ရောမ ဇွန် ၃**

အီတလီနိုင်ငံရှိ အက်တနာတောင်မီးတောင် ယမန်နေ့က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မီးတောင်ပြာမှုန့်နှင့် မီးခိုးမည်းများ တလိပ်လိပ်ထွက်ပေါ်လာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇွန် ၂ ရက် နံနက်ပိုင်းက စစ္စလီကျွန်းမှ ရိုက်ကူးထားသော ဓာတ်ပုံနှင့် ဗီဒီယိုများတွင် ထိုမီးတောင်မှ ချော်ရည်နှင့် အခြားဓာတ်ပစ္စည်းများ စီးထွက်နေသည်ကို တွေ့ရသည်။

အီတလီနိုင်ငံ၏ အမျိုးသားဘူမိရူပနှင့် မီးတောင်သိပ္ပံဌာန အက်တနာ လေ့လာရေးစခန်းက ဇွန် ၂ ရက် နံနက်စောစောပိုင်းတွင် တိုးမြင့်လာသော အပြင်းအထန်ပေါက်ကွဲမှုများကို မှတ်တမ်းတင်ခဲ့သည်။

လက်ရှိတွင် မီးတောင်ပေါက်ကွဲမှု၏ အပြည့်အစုံအခြေအနေကို မသိရသေးဘဲ စစ္စလီကျွန်းရှိ လေဆိပ်များတွင် လေယာဉ်များ ပုံမှန်ပျံသန်းနေသဖြင့် နှောင့်နှေးမှု အနည်းငယ်သာ ရှိဟန်တူသည်။

အက်တနာမီးတောင်သည် ကမ္ဘာ့အထင်ရှားဆုံး မီးတောင်များထဲမှ တစ်ခုဖြစ်သောကြောင့် ပေါက်ကွဲမှုများ ဖြစ်ပွားခြင်းမှာ ထူးဆန်းသည့် အခြေအနေမဟုတ်ဘဲ ပေါက်ကွဲမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ သို့မဟုတ် ဒဏ်ရာရမှုများ ဖြစ်ပွားလေ့မရှိကြောင်း သိရသည်။ **Mon**



STOP AIDS

## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ(၅)ရက်




ဖတ်စရာ၊ မှတ်စရာ စုံလင်

## ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆင်ပေါင်ဝဲ ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့ မြို့မဈေးအတွင်း၊ အပြင်တို့၌ ပြုလုပ်ခဲ့ရာ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းအဖွဲ့က ဈေးရောင်း၊ဈေးဝယ် ဒေသခံပြည်သူများ လက်ဝယ်အရောက်ဖြန့်ဝေခဲ့သည်။



အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်တွင် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ စသည့် အချက်များပါရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ဒက္ခိဏသီရိမြို့နယ်တွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေးဆွေးနွေးပွဲကို ဇွန် ၂ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ဇင်အောင်က အဖွင့်အမှာစကားပြောကြားပြီး သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင်စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အောင်သူရဦး(ဒက္ခိဏ)**



## များသူ့လျှောက်လှမ်း စမ္ဗလမ်း (လင်္ကာ)

* ဘဝခဏ ၊ နေစဉ်မှုတွင်
အကောင်းမမြင်သူ ၊ ထိုထိုလူကို
မှုထူကူနင်း ၊ တွဲလျှောက်ခင်းလည်း
စိတ်ရင်းဘယ်ခါ ၊ မပျောက်ရာတည်း ။

* အမှန်တရား ၊ လွဲလျော့သွားကာ
စိတ်ထားပုပ်နေ ၊ သိဉာဏ်ထွေလို့
ပေးဝေအပ်နှင်း ၊ မေတ္တာသင်းလည်း
ကောင်းခြင်းဘယ်ခါ ၊ မရောက်ရာတည်း ။

* ငါသာငါထက် ၊ မာန်ထလျက်နှင့်
ဖြစ်ပျက်မှန်ရာ ၊ မမြင်သာဘဲ
ဖယ်ခွာကြည့်ရင်း ၊ ဒေါသပြင်းလို့
ဉာဏ်အလင်းပျောက်ခါ ၊ မိုက်မှားရာတည်း ။

* ခဏရောက်လင့် ၊ လူဖြစ်ခွင့်တွင်
မှန်ချင့်စိတ်နေ ၊ များသူဝေ၍
အမှားတွေဖျောက် ၊ ကမ်းတစ်ထောက်လမ်း
အမှန်လျှောက်လှမ်းစွာ ၊ ချမ်းသာရာတည်း ။

* သဒ္ဓါအမှု ၊ ကောင်းစွာပြု၍
ဉာဏ်ရှုမှတ်သော် ၊ အေးချမ်းပျော်လို့
မှန်းမျှော်ပြန်လမ်း ၊ ကြည်လင်စမ်းသို့
ရွှင်လန်းအေးစွာ ၊ ရောက်စေရာတည်း ။

* ယနေ့ချိန်ထောက် ၊ ဤမျှရောက်သည့်
တည်လျှောက်နေခါ ၊ သံသရာတွင်
ဉာဏ်ဖြာယှဉ်ကူး ၊ စိတ်သန့်မြူး၍
ဂုဏ်ထူးလျက်သာ ၊ နေထိုင်ရာတည်း ။

* ဗုဒ္ဓဘုရား ၊ ညွှန်းပြထားရှိ
စိတ်အားသန့်စင် ၊ တရားခင်လို့
သိမြင်ချင့်အပ် ၊ သတိထပ်သော်
ပေးဆပ်မေတ္တာ ၊ ကောင်းခြင်းရာတည်း ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# နိုင်ငံတကာ အားကစား သတင်းများ



## တူနီးရှားအသင်းက ဘာကီနာဖာဆိုအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၃**

နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက တူနီးရှား အသင်းနှင့် ဘာကီနာဖာဆို အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တူနီးရှားအသင်းက ဘာကီနာဖာဆိုအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

တူနီးရှားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် ချာအော့စ်၊ ပွဲချိန် မိနစ် ၉၀ တွင် မာစတိုရီတို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

တူနီးရှားအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၇ ရက်တွင် မော်ရိုကိုအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားဦးမည်ဖြစ်သည်။**(NGB)**

## ရိုင်ယန်မေဆင်အား နည်းပြသစ်အဖြစ် ဝက်စ်ဘရွန်းအသင်း ခန့်အပ်

**လန်ဒန် ဇွန် ၃**

ဝက်စ်ဘရွန်းအသင်းသည် အသင်းနည်းပြသစ်အဖြစ် စပါးအသင်း ကစားသမားဟောင်းဖြစ်သူ ရိုင်ယန်မေဆင်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ကစားသမားဘဝမှ အနားယူပြီး



စပါးအသင်းတွင် လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ကာ အတွေ့အကြုံရှိသူတစ်ဦး ဝက်စ်ဘရွန်းအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ရိုင်ယန်မေဆင်က "ကျွန်တော် ဝက်စ်ဘရွန်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဝက်စ်ဘရွန်းအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် အကောင်းဆုံး သွင်းဂိုးဆုကို အိုမာမာမွတ်ရှ် ဆွတ်ခူး

**မန်ချက်စတာ ဇွန် ၃**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်၏အကောင်းဆုံး သွင်းဂိုးဆုကို မန်ချက်စတာစီးတီးအသင်း တိုက်စစ်မှူး အိုမာမာမွတ်ရှ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် မန်ချက်စတာစီးတီးအသင်းက ဘုန်းမောက်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သွင်းယူခဲ့သော သွင်းဂိုးဖြင့် အကောင်းဆုံး သွင်းဂိုးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုမာမာမွတ်ရှ်သည် ယခုဆုအားရရှိသည့် မန်ချက်စတာစီးတီးအသင်း၏ ပထမဆုံး ကစားသမားအဖြစ်လည်း



မှတ်တမ်းဝင်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုမာမာမွတ်ရှ်သည် ယခုနှစ် ဘောလုံးရာသီတွင် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၂ ပွဲ ကစားပြီး ၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

**(NGB)**

## ဂရစ်ဇ်မန်း အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မက်ဒရစ် ဇွန် ၃**

အက်သလက်တီကိုမက်ဒရစ် အသင်းသည် အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းအား ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**



အဆိုပါ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ် အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၁၈၅ ပွဲကစားပြီး ၆၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂရစ်ဇ်မန်းက "ကျွန်တော် အသင်းနဲ့သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။**(NGB)**

## အက်စ်ဆူဂိုအား ရှစ်နှစ်စာချုပ်ဖြင့် ချဲလ်ဆီးအသင်း ခေါ်ယူ



**လန်ဒန် ဇွန် ၃**

ချဲလ်ဆီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ် ကစားသမား အက်စ်ဆူဂိုအား ရှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပို့တင်းလစ္စဘွန်းအသင်းမှ လက်စ်ပါးမက်စ်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၇ ပွဲ ကစားကာ ၁ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ချဲလ်ဆီး အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် "အက်စ်ဆူဂိုအား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း နောက်ထပ်ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။**(အပေါ်ဝဲပုံ)(NGB)**

## ဟွိုင်လန်းအား ခေါ်ယူရန် အင်တာမီလန်အသင်း ဆွေးနွေး

**မီလန် ဇွန် ၃**

အင်တာမီလန်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး ဟွိုင်လန်းအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ ပွဲ ကစားပြီး ၂၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟွိုင်လန်းကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာချင်လျက်ရှိသည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဟွိုင်လန်းအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

## ဒွန်နာရမ်မာ ပီအက်စ်ဂျီအသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**ပါရီ ဇွန် ၃**

ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာ လက်ရှိဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဂိုးသမား ဒွန်နာရမ်မာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၄၀ ကစားပြီး လက်စွမ်းပြထားသလို၊ အသင်းအား ဖလားသုံးလုံးရရှိအောင်လည်း အကောင်းဆုံး ကူညီပံ့ပိုးနိုင်ခဲ့သည်။



ဂိုးသမား ဒွန်နာရမ်မာ၏ အေးဂျင့်ဖြစ်သူကလည်း ၎င်းအတွက် ကမ်းလှမ်းမှုများကို တံခါးဖွင့်ကြိုဆိုထားကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဂိုးသမား ဒွန်နာရမ်မာအနေဖြင့် ပီအက်စ်ဂျီအသင်းမှထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စောင့်ကြည့်ရဦးမည် ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်

**ပဲရစ် ဇွန် ၃**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ကာဇက်စတန် တင်းနစ်မယ် Elena Rybakina အား ၁-၆၊ ၆-၃၊ ၇-၅ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ယူကရိန်းတင်းနစ်မယ် Elina Svitolina တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(ဝဲပုံ)(NGB)**

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၄-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညဂ၊၀၀နာရီ | ထိုင်း - အိန္ဒိယ |

### ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်) ပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၅-၆-၂၀၂၅ ကြာသပတေးနေ့ | နံနက်၀၁း၃၀နာရီ | ဂျာမနီ - ပေါ်တူဂီ | ပေါ်တူဂီ ၂-၄ ဂျာမနီ (ယူရို၂၀၂၀အုပ်စု) |

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦးတို့အား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇွန် ၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒစ်ဂျစ်တယ်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦး စုစုပေါင်း ၁၂ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်း ကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကလောမြို့၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား

**ကလော ဇွန် ၃**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၌ ခြောက်ဘီးမော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ကလော-သာစည်ကားလမ်း၊ မိုင်တိုင်အမှတ် ၅၅ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား မကွေကျေးရွာ တံတားအနီး၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(ကလော)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၊ အမှတ်(၂)ရပ်ကွက်နေ ကျော်ဌေး(၅၇)နှစ်ဆိုသူ မောင်းနှင်ပြီး သမီးဖြစ်သူ ဆုမွန်မွန်ကျော်(၃၂)နှစ်ဆိုသူ လိုက်ပါလာသည့် CANTER ခြောက်ဘီး မော်တော်ယာဉ်သည် ကော်မှုန့်အိတ်များ တင်ဆောင်လျက် ကလောမြို့မှ သာစည်မြို့သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းရှိ အနက် ၁၅ ပေခန့် ချောင်းထဲသို့ ထိုးကျတိမ်းမှောက် ခဲ့မှုကြောင့် ကျော်ဌေးနှင့် ဆုမွန်မွန်ကျော်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျော်ဌေးဆိုသူအား ကလောမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တာချီလိတ်မြို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မေ ၂၇ ရက် မွန်းလွဲ ၃ နာရီ က တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့ (ပြင်) ဘုန်းကြီးကျောင်းအနီး လမ်းမပေါ်၌ ကျုန်း၊ ရှေမနှင့် အိုက်ပေါင်း(ခ)အိုက်ပေါင်လော် ဆိုသူတို့ စီးနင်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Methamphetamine (ICE) ၅ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျုန်း(၂၄)နှစ်၊ ရှေမ(၂၀)နှစ်နှင့် အိုက်ပေါင်း(ခ)အိုက်ပေါင်လော်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

၀-၀-၀



## ညောင်ရွှေမြို့နယ်၌ ၂၂ ဘီးယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**ညောင်ရွှေ ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၌ ၂၂ ဘီးယာဉ် တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် ည ၈ နာရီခွဲက ညောင်ရွှေမြို့နယ်၊ သာယာကုန်းကျေးရွာ မြို့ရှောင်လမ်း(တောင်ဆင်းလမ်း) မိုင်တိုင်အမှတ် ၅ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်ရွှေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကျောက်ဆည်မြို့၊ မြင်စိုင်းရပ်ကွက်နေ ကျော်ဇေယျ(၄၀)နှစ်ဆိုသူ မောင်းနှင်ပြီး ဆွေဗြိမ်းထိုက်(၃၆)နှစ်ဆိုသူ လိုက်ပါလာသည့် Hino ၂၂ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တောင်စောင်းအား ဝင်ရောက်တိုက်မိကာ တိမ်းမှောက်ခဲ့သဖြင့် ကျော်ဇေယျဆိုသူတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ကျော်ဇေယျဆိုသူအား ညောင်ရွှေမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းတွင် ခရီးသည်ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း၊ မိုင်တိုင်အမှတ်(၁၄/၃)နှင့် (၁၄/၄)ကြား၊ဖလန်းကျင်းကျေးရွာအနီးတွင် ဇွန် ၂ ရက် နံနက် ၃ နာရီခွဲက ခရီးသည်တင်ယာဉ် တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးအောင်ကျော်ဦး၊ အကူယာဉ်မောင်း ဦးအောင်သူ၊ ယာဉ်နောက်လိုက် ဦးအောင်ပိုင်စိုးနှင့်ခရီးသည် (၁၉)ဦး လိုက်ပါလာသော 2G/×××Express ယာဉ်သည် ရန်ကုန်မှ ချောက်သို့မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ၌ လမ်းချော်ပြီး တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်နေရာသို့ မိတ္ထီလာခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးစီး၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ပြည်သာယာ(တောင်)လူမှုကူညီရေးအသင်းတို့သည် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ကားရှေ့လေကာမှန်နှင့် ဘယ်ဘက်ဘေး လေကာမှန်များ ကြေမွပျက်စီးကာ ခရီးသည် ဒေါ်လှကြိုင်(၆၁)နှစ်၊ မချစ်စနီး(၄)နှစ်၊ ဒေါ်သန်းသန်းဦး(၃၃)နှစ်၊ ဒေါ်တင်မူ (၆၀)နှစ်၊ မချိုချိုမြင့် (၃၁)နှစ်၊ မဖြူဖွေး(၂၃)နှစ်တို့သည် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ပြီး ဦးဝင်းမောင်၊ ဦးခင်မောင်စိုး၊ ဒေါ်ဒေစီဝင်း၊ ဒေါ်ရွှေရည်၊ ဒေါ်အေးဆင့်၊ ဒေါ်ကြင်သန်း၊ မယွန်းယွန်းချို၊ မလှဇင်သိန်း၊ ဦးစောထွန်းနိုင်၊ မအိန္ဒြာမိုးပြည့်၊ မရွှေရည်ဝင့်ခိုင်တို့မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၅၇)**

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ)ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

## ရိုးရာယဉ်ကျေးမှုအမွေကဏ္ဍ

# မြန်မာ့ရိုးရာယဉ်ကျေးမှု၏ ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာကောင်းလှသော သနပ်ခါးကို ဧက ၃၅၀၀၀၀ ကျော် စိုက်ပျိုး



မြန်မာသနပ်ခါးပင်များကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက တွေ့ရှိကာ လိမ်းကျံခြယ်သ အသုံးပြုလာကြသူများ၏ စိတ်နှလုံးတွင် ကြည်လင်လန်းဆန်းစေခြင်း၊ သင်းပျံ့သောရနံ့နှင့် ပြည့်စုံခြင်း၊ အသားအရေကို စိုပြည်၍ အေးမြစေခြင်း၊ အသားအရေကို ချောမွတ်၍ လှပစေခြင်းစသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသဖြင့် တန်ဖိုးထား၍ သုံးစွဲလာကြပြီး စိုက်ပျိုးကြသူများလာကာ မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါးစိုက်ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးထားသည်။

သနပ်ခါးကို မြန်မာအမည် သနပ်ခါး၊အင်္ဂလိပ်အမည် ChineseBox Tree,Wood Apple၊ မျိုးရင်း - Rutaceae၊ မျိုးစု - Limonia၊ မျိုးစိတ် - L. acidissima၊သိပ္ပံအမည် - Naringi crenulata (Roxb) ခေါ်တွင်ကြပြီး သီရိလင်္ကာနိုင်ငံ၊အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ ထိုင်းနိုင်ငံ၊ပါကစ္စတန်နိုင်ငံများတွင် တွေ့ရှိရကာ မြန်မာနိုင်ငံ အလယ်ပိုင်း၊ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် အများဆုံး စိုက်ပျိုး၍ ရေငတ်ပြီး ပူပြင်းသည့် ခြောက်သွေ့သော ရာသီဥတုဒဏ်ကို ခံနိုင်သဖြင့် အညာဒေသ၏ရတနာပင်များဖြစ်သည်။

အမြင့်ပေ ၂၀ မှ ၃၀ အထိ မြင့်တက်ပြီး ပင်စည်နှင့် အကိုင်းအခက်များတွင် လက်မဝက်၊ တစ်လက်မခန့် ရှည်လျားသည့် မာကြောသော ဆူးများပါရှိသည်။ အပင်နုစဉ်တွင် အပွေးမဲ့ပြီး အပင်ရင့်လာသောအခါမှ အပွေးထူလာတတ်သည်။အရွက် ပုံသဏ္ဌာန်မှာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲများ ထွက်တတ်သည်။ သနပ်ခါးအပွင့် ပုံသဏ္ဌာန်မှာ သေးငယ်ပြီး အဝါနုရောင်ရှိသည်။

အသီးများ ရင့်မှည့်ချိန်တွင် မျိုးအဖြစ် စတင် ခူးယူနိုင်သည်။ ခူးယူပြီးသော သနပ်ခါးသီးကို ရေထဲတွင်စိမ်၍ ရေအောက်မြုပ်နေသော သနပ်ခါးအစေ့များကို ယူ၍ မျိုးထောင်ရသည်။ ရေပေါ်တွင် ပေါ်နေသောအစေ့များသည် မျိုးအောင်မြင်ခြင်းမရှိပါ။

သနပ်ခါးကို စိုက်ပျိုးရန် အကောင်းဆုံးမြေမှာ ဂဝံနှင့် ကျောက်စရစ်မြေ (Gravel soil)တို့ ဖြစ်သည်။ ရွှံ့စေးမြေ၊ ဆားပေါက်သောမြေ၊ ရေဝပ်သော မြေများမှလွဲ၍ မည်သည့် မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်သည်။ သဲမြေတွင် စိုက်ပျိုးနိုင်သော်လည်း စိုက်ပျိုးပါက အပင်ငယ်စဉ်တွင် အပင်အသေအပျောက်များပြီး အပင်ဖြစ်ထွန်းမှုနည်းတတ်သည်။

မိုးရေချိန် ၁၀-၄၀ လက်မကြားတွင် ရှိသော နေရာဒေသများတွင်လည်း စိုက်ပျိုးနိုင်ကြသည်။ ၄၅ရက်သားမှစ၍ မြေတွင် စတင်ပြောင်းရွှေ့စိုက်ပျိုးနိုင်ပြီး သီးညှပ်စိုက်ပျိုးမည်ဆိုပါက တန်းကြား၊ ပင်ကြား (၈ပေ × ၄ပေ)၊ (၈ပေ× ၈ပေ) စသည်ဖြင့် စိုက်ပျိုးနိုင်သည်။ သီးညှပ်အဖြစ် နှမ်း၊ ပဲစင်းငုံ၊ မြေပဲစသည့် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများဖြင့် စိုက်ပျိုးနိုင်သလို တချို့က မိမိတို့၏ခြံဝင်းများထဲတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသူများလည်း ရှိကြသည်။

စိုက်ပျိုးပြီး အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပေါင်းမြက်များ ရှင်းလင်းပေးကာ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများလည်း ရောနှော၍ကျွေးရသည်။ အများအားဖြင့် ရှစ်နှစ်မှ ၁၀နှစ်သားအရွယ်များတွင် ဈေးကွက်အတွင်းခုတ်၍ ရောင်းချပါက အရောင်းအများဆုံးအရွယ် ဖြစ်သော်လည်း အရည်အသွေးအကောင်းဆုံး သနပ်ခါးတစ်ပင်ရရှိရန်မှာ သက်တမ်း ၃၀၊ ၃၅ နှစ်ခန့် စောင့်ရသည်။

သနပ်ခါးကို အပင်သက်တမ်း ၁၀ နှစ်မှာ ခုတ်ယူရောင်းချပါက အတက် နှစ်ပင်၊ သုံးပင် ပြန်ထွက်သော်လည်း အပင်သက်တမ်း နှစ် ၃၀၊၄၀ အရွယ်မှာ ခုတ်၍ ရောင်းချပါက သနပ်ခါးအရည်အသွေးကောင်းသော်လည်း အပင်အိုသွား၍ အတက်ပြန်ထွက်အား နည်းသွားကြသည်။

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာကောင်းလှသော အရည်အသွေးနှင့် ပြည့်စုံသည့် မြန်မာ့သနပ်ခါးကို အများဆုံးစိုက်ပျိုးကြသော မြို့များမှာ အရာတော်၊ မြိုင်၊ ရေစကြို၊ ပေါက်၊ရွှေဘို၊ပခုက္ကူ၊ ဘုတလင်၊ ယင်းမာပင်၊ မုံရွာမြို့နယ်များတွင် အများဆုံးစိုက်ပျိုးပြီး သနပ်ခါးစိုက်ဧက သုံးသိန်းငါးသောင်းကျော်ရှိကြောင်း သိရသည်။

(၅၀၄)

*- *- *- *- *



# ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့တွင် ကျောင်းသား၊ကျောင်းသူများ ရောဂါပိုးမွှားကင်းစင်ပြီး စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇွန် ၁ ရက် နံနက် ၇နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများစုပေါင်း၍ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်များ၊ ချုံနွယ်များ၊ စာသင်ဆောင်များနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး၊ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် သယ်ဆောင်ကာ စနစ်တကျ စွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

တောင်တွင်းကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ဇွန်လပထမပတ်မှစ၍ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားချိန်တွင် ရောဂါပိုးမွှားကင်းစင်ပြီး သန့်ရှင်းစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ယခုကဲ့သို့ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြလင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**



# မန္တလေးအတွင်း ဆိတ်သားဈေးကွက်ကောင်းမွန်ခြင်းကြောင့် မန္တလေးအနီးတစ်ဝိုက်တွင် မွေးမြူသူ များပြားလာ

**မန္တလေး ဇွန် ၃**

မန္တလေးဈေးကွက်အတွင်း ဆိတ်သားဈေးနှုန်းကောင်းမွန်လာခြင်းကြောင့် မြို့နှင့်အနီးတစ်ဝိုက် ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် ဆိတ်မွေးမြူသည့်အရေအတွက် ယခင်ကထက်များပြားလာကြောင်း ဆိတ်မွေးမြူသူများထံက သိရသည်။

ဆိတ်သားဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ်၃၀၀၀၀နှင့် အထက် ဈေးနှုန်းရရှိခြင်း၊ မွေးမြူရာတွင် အရင်းအနှီးနည်းပြီး ရောင်းချရာတွင် လွယ်ကူခြင်း၊ ထိန်းသိမ်းရာတွင် ခက်ခဲမှုမရှိခြင်းကြောင့် မွေးမြူသူအရေအတွက် တိုးမြင့်လာခြင်း ဖြစ်သည်။

"တစ်နိုင်တစ်ပိုင်မွေးမြူတဲ့သူအရေအတွက်ပိုများ လာတာပါ။မွေးမြူရာမှာ လွယ်ကူသလို မွေးမြူသူဆီ တိုက်ရိုက်လာဝယ်တာရော၊ သွားရောင်းရင် လွယ်လွယ်ကူကူရောင်းလို့ရတဲ့အတွက်ကြောင့်လည်း ပါပါတယ်။ ယခု ပိဿာချိန်ဈေးနဲ့ဆိုရင် မွေးမြူသူတွေအတွက် အဆင်ပြေတဲ့နှုန်းတစ်ခုဖြစ်နေတဲ့အတွက်ကြောင့်ပါ"ဟု ဆိတ်မွေးမြူသူတစ်ဦးက ပြောသည်။

မွေးမြူရေးဆိတ်တစ်ကောင်၏ တန်ကြေးအား ပိဿာချိန်နှင့်ဈေးနှုန်းဖြတ်ခြင်းမဟုတ်ဘဲ မျိုးကောင်းလျှင် ဈေးနှုန်းပိုမိုရရှိကြောင်း၊ ယခင်နှစ်များတွင် ဆိတ်အမတစ်ကောင်လျှင် ငွေကျပ် တစ်သိန်းကျော်ရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် နှစ်သိန်းကျော်ဝန်းကျင်အထိရှိလာကြောင်း၊ အသားဈေးကွက်မြင့်တက်လာမှုပေါ် မူတည်ကာ ဈေးနှုန်းအတက်၊အကျမှာ ပြောင်းလဲမှုရှိနိုင်သည်။

ဆိတ်မွေးမြူရာတွင် ဆိတ်အထီးထက် အမကို အဓိကထားမွေးမြူကြပြီး အထီးမွေးမြူလျှင် သင်းကွတ်ပြီးမှ မွေးမြူမှုပြုလုပ်ကြကြောင်း၊ ဆိတ်များအား မြို့ပြဒေသများတွင် ကျေးလက်ဒေသများတွင် အများဆုံးမွေးမြူကြပြီး စားကျက်ရှိသောဒေသများတွင် အများဆုံးမွေးမြူကြကြောင်း၊ လက်ရှိဈေးကွက်ကောင်းမွန်ခြင်းကြောင့် အချို့သောတစ်နိုင်တစ်ပိုင်မွေးမြူသူများက စီးပွားဖြစ် မွေးမြူသည့်အခြေအနေအထိ တိုးမြင့်မွေးမြူလာကြောင်းသိရသည်။

(ဓါတ်ပုံ)

**(မန္တလေးနေ့စဉ်-၈)**

*- *- *- *- *

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**တပ်ကုန်း ဇွန် ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်အသီးသီးတွင် တက်ရောက်ပညာသင်ကြားနေသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ မြို့နယ်စည်းကမ်းထိန်းသိမ်းရေးနှင့် စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးသီနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝင်းထွဋ်အောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကာ ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို ဇွန် ၂ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## မုံရွာမြို့၊ ရောင်ခြည်သစ်ပရဟိတမျက်မမြင်ပညာသင်ကျောင်းမှ မျက်မမြင်ကျောင်းသားများ ကျောင်းအပ်လက်ခံလျက်ရှိ

**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၆)လမ်းနှင့် ပန်းတမာလမ်းထောင့်ရှိ ရောင်ခြည်သစ် ပရဟိတမျက်မမြင်ပညာသင်ကျောင်းမှ မျက်မမြင်ကျောင်းသားများ ကျောင်းအပ်လက်ခံလျက်ရှိသည်။

ပညာသင်ကျောင်းသားများကို လက်ခံရာတွင် အသက်(၆)နှစ်မှ (၂၀)နှစ်အတွင်း အမြင်အာရုံ ချို့ယွင်းသူများ၊ မူမှန်စိတ်ရှိပြီး ကျန်းမာရေး ကောင်းမွန်ရမည်ဖြစ်ကာ မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်ဖြစ်သည်။ ထို့အပြင် အခြားကျောင်းမှ ပြောင်းရွှေ့လာပါက ပြောင်းရွှေ့ခဲ့သည့်ကျောင်း၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။

"မသန်စွမ်း လေးမျိုး ရှိပါတယ်။ မသန်စွမ်းအများစုက ပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်း နည်းပါးကြပါတယ်။ မသန်စွမ်းတွေကို မြို့နေလူတန်းစားနဲ့ ကျေးရွာနေ လူတန်းစားဆိုပြီး နှစ်မျိုး ခွဲခြမ်းကြည့်ရာမှာ ကျေးရွာနေ လူတန်းစားက အခွင့်အလမ်း ပိုနည်းပါးပါတယ်။ မသန်စွမ်းမိဘများရဲ့ သားသမီးအပေါ် အချစ်ကြီးမှု၊ မိဘမျက်စိအောက်ပဲ ထားချင်မှုတို့ကြောင့် မသန်စွမ်းအများစု ပညာသင်ကျောင်းတွေကို လာရောက်သင်ယူနိုင်မှု အခွင့်အလမ်း နည်းပါးလာကြရတာပါ"ဟု ရောင်ခြည်သစ် မျက်မမြင်ကျောင်း အုပ်ချုပ်သူ ဆရာစိုးက ပြောသည်။

ရောင်ခြည်သစ် ပရဟိတ မျက်မမြင်ပညာသင်ကျောင်း (မုံရွာမြို့)သည် မျက်မမြင် အမျိုးသား သီးသန့်ပညာသင်ပေးနေသောကျောင်းဖြစ်ပြီး အခြေခံ ဗုဒ္ဓဘာသာ၊ အခြေခံ မျက်မမြင်လက်စမ်းစူးဖောက်စာ၊ အတန်းပညာ(မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ထိ)၊ ဂီတပညာနှင့် လက်နှိပ်အကြောပြင်ပညာများ သင်ကြားပေးလျက်ရှိသည်။

ရောင်ခြည်သစ်ပရဟိတ မျက်မမြင်ပညာသင်ကျောင်းတွင် ပညာသင်ကြားကြသည့် ကျောင်းသားများသည် အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများကို လိုက်နာနိုင်ရမည်ဖြစ်ပြီး ကျောင်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း ခွင့်မပြုဘဲ တစ်ဦးကိုတစ်ဦး သဟဇာတဖြစ်အောင် ချစ်ခင်စွာ နေနိုင်ရမည်ဖြစ်ကာ မူးယစ်ဆေးဝါးဟူသမျှ လုံးဝ(လုံးဝ)သုံးစွဲခွင့်မပြုဘဲ လက်ရိုက်တုတ်၊ ဓားကိုင်ဆောင်ခွင့်လည်း မပြုကြောင်း စည်းကမ်းထုတ်ပြန်ထားသည်။

မုံရွာမြို့၊ ရောင်ခြည်သစ် ပရဟိတ မျက်မမြင်ပညာသင်ကျောင်းတွင် အမှန်တကယ် ပညာသင်ယူလိုသူများသည် ဖုန်း ၀၉-၇၈၉၉၅၇၂၅၉ နှင့် ၀၉-၂၅၉၀၃၈၁၇၈ တို့သို့ ဆက်သွယ်၍ အသေးစိတ်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၉၄)**



သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင်
ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးသေချာစွာ တပ်ပါ။



## မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ဒေသခံတောင်သူများက သီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှုမရှိစေရေး ရေစုပ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်း မိုးများ အဆက်မပြတ် ရွာသွန်းခဲ့သဖြင့် နွေသီးနှံစိုက်ပျိုးထားရှိသော နှမ်းစိုက်ခင်းများနှင့် မိုးကြိုပဲတီစိမ်းစိုက်ခင်းများတွင် မိုးရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့၍ ဒေသခံတောင်သူများက သီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှုမရှိစေရေး ရေစုပ်စက်များဖြင့် ရေများစုပ်ယူရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၅၇၆၁၆ ဧက ၊ မိုးကြိုပဲတီစိမ်း ၆၂၃၉ ဧက စိုက်ပျိုးဆောင်ရွက်ထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခုရက်ပိုင်း မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် နှမ်းစိုက်ခင်းများနှင့် မိုးကြိုပဲတီစိမ်းစိုက်ခင်းများတွင် မိုးရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့၍ ဒေသခံတောင်သူများက သီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှု မဖြစ်စေရန် ရေထုတ်မြောင်းများ၊ ပတ်မြောင်းများ၊ စိမ့်မြောင်းများ ဆောင်ရွက်ခြင်း၊ ရေစုပ်စက်များ အသုံးပြု၍ ရေများစုပ်ယူရှင်းလင်းခြင်းနှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု မဖြစ်အောင် လိုအပ်သော သွင်းအားစုများ ထည့်သွင်းခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် စပါး၊ နှမ်း၊ မိုးကြိုပဲတီစိမ်းနှင့် စားဖိုဆောင် သီးနှံမျိုးစုံတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၄၅)**

*-*-*-*-*

❖ မြန်မာနိုင်ငံအတွင်း ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာ သုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ မြန်မာနိုင်ငံကို ချစ်သည့်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် မွေးပြီး နေကြရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြုလုပ်သော ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဇွန် ၃

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။(ယာပုံ)



အစည်းအဝေးသို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံကို FATF မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်မည့် နိုင်ငံနှင့်ဒေသများစာရင်း (Gray List)တွင် ထည့်သွင်းခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ(Action Plan)တွင် ပါသည့်အချက်များအပေါ်အလေးထား၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တိုးတက်ဆောင်ရွက်မှု အစီရင်ခံစာပေးပို့ခြင်းနှင့် မျက်နှာစုံညီအစည်းအဝေး တက်ရောက်ခြင်းတို့ကို (၄)လတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါကြောင်း။

Action Plan ပါ အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး Action Plan ပါ အချက် ၁၅ ချက်အနက် ယခုလက်ရှိ အချက် ၆ ချက်သာ ကျန်ရှိတော့သဖြင့် ကျန်ရှိသည့်အချက်များကို ပြီးမြောက်စေရေး သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

မကြာသေးမီကပြဋ္ဌာန်းခဲ့သည့် အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လုပ်ငန်းနယ်ပယ် ၅ ရပ်ဖြင့် ကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် နှစ်အလိုက် လုပ်ငန်းစဉ် (Annual Work Plan)ရေးဆွဲဆောင်ရွက်ရေး၊ တိုးတက်မှုအစီရင်ခံစာများ သုံးလ တစ်ကြိမ်တင်ပြရေး၊ ကာလလယ်ပြန်လည်သုံးသပ်ရေး (Mid-term Review) စသည်တို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

၂၀၂၉ ခုနှစ်တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တတိယအကြိမ် နိုင်ငံအချင်းချင်း အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Mutual Evaluation-ME)ကို ဆောင်ရွက်ရန်ရှိသည့်အတွက် ဆောင်ရွက်ရမည့် ME လုပ်ငန်းစဉ်များအတွက် ကော်မတီများအနေဖြင့် ကြိုတင်စီမံထားကြရန်လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုသည် နိုင်ငံတစ်နိုင်ငံ၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ Private Sector ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုအဖွဲ့တွင်လည်း Private Sector များ ပူးပေါင်းပါဝင်နိုင်ရေး UMFCCI ကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ UMFCCI သည် ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့် စီးပွားရေးလုပ်ငန်းပေါင်းစုံ အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် Public-Private Partnership ကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မောင်မောင်လွင်အား MFF အလုပ်အမှုဆောင်အဖွဲ့မှ ဂုဏ်ပြုငွေကျပ် သိန်းတစ်ထောင်နှင့် အမှတ်တရဆု ချီးမြှင့်

ရန်ကုန် ဇွန် ၄

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် ASEAN All-Stars အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးအား သွင်းယူပေးခဲ့သည့် မြန်မာ့လက်ရွေးစင်ကစားသမား မောင်မောင်လွင်အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)အလုပ်အမှုဆောင်အဖွဲ့မှ ဂုဏ်ပြုငွေကျပ် သိန်းတစ်ထောင်နှင့် အမှတ်တရဆု ချီးမြှင့်ခဲ့သည်။

မောင်မောင်လွင်သည် ASEAN All-Stars အသင်းမှာ မြန်မာ့အသင်း ကိုယ်စားပြု တစ်ဦးတည်းသော ကစားသမားအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး မန်ချက်စတာယူနိုက်တက်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ပွဲကစားချိန် ဒုတိယပိုင်းမှသာ လူစားဝင်ကစားခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးနိုင်ခြင်းကြောင့် ယခုဆု ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၄ သို့ ✡